# ကြေးမုံ
The Mirror Daily

၁၉၅၇ ပြေီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရားဌ်တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့။ Saturday, 20 July 2024 ၁၁၅၂၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြစဉ်။

**နေပြည်တော် ဇူလိုင် ၁၉**

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်ဂါရဝပြုသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာငွေး၊ (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမြင့်နောင်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ယနေ့ ဖတ်စရာ**

**နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း ငယ်ဘဝဖြစ်စဉ်များမှ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသ**

စာမျက်နှာ » ၈

**အာဇာနည်မိသားစုဝင်များ၏ အာဇာနည်နေ့ အမှတ်တရစကားသံများ**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉




ကြေးမုံ

# လမြတ်ဝါဆိုလပြည့်နေ့နှင့် သာသနာတော်ထွန်းကားရေး

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) ဖြစ်သည်။ ထူးမြတ်သည့်နေ့တွင် မြတ်စွာဘုရားရှင်၏ ထူးခြားသည့်ဖြစ်စဉ်တော်များကိုအာရုံပြု၍ နှလုံးသွင်းကြည်ညိုသူတိုင်း ကုသိုလ်များတိုးပွားကာ ကောင်းကျိုးများရစေမည့်နေ့မြတ်ဖြစ်သည်။ ထို့ကြောင့် “လမြတ်ဝါဆို ကုသိုလ်ပိုသည့်လ”ဟု ဆိုကြသည်ဖြစ်ရာ ကုသိုလ်ကောင်းမှုများ ပွားများအားထုတ်ကြရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

လမြတ်ဝါဆိုလပြည့်နေ့၏ ထူးခြားချက်များမှာ မယ်တော်မာယာ၏ ဝမ်းကြာတိုက်တွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ပဋိသန္ဓေယူသောနေ့၊ သိဒ္ဓတ္ထမင်းသား တောထွက်တော်မူသောနေ့၊ ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဦးဟောတော်မူသောနေ့၊ ဘုရားဖြစ်ပြီးဟု ရဲဝံ့စွာကြေညာတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ထွန်းသောနေ့၊ သံဃာရတနာစတင်ပေါ်ထွန်းသောနေ့၊ ဗဟိဘိက္ခုဟူသော မြတ်ဗုဒ္ဓ၏ ဗျာဒိတ်တော်ရ ရဟန်း စတင်ပေါ်ထွန်းတော်မူသောနေ့၊ ခုနစ်ဝါမြောက် ဝါဆိုတော်မူပြီး အဘိဓမ္မာတရားဟောကြားရန်အတွက် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူစဉ် ရေမီးအစုံဖြင့် တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့တို့ဖြစ်သည်။

ဤမျှထူးကဲမွန်မြတ်လှသော မြတ်စွာဘုရားရှင်၏ ကြည်ညိုဖွယ်ရာ ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံလှသော ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ကလျာဏပုထုဇဉ် သူတော်ကောင်းအပေါင်းတို့အနေဖြင့် မိမိတို့ သဒ္ဓါတရားပေါက်ရာ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်တို့ကို နှလုံးသွင်းကြည်ညိုအာရုံပြု၍ ကောင်းမှုကုသိုလ်များ အခွင့်သာခိုက် ရယူနိုင်ကြပါသည်။ ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓဖြစ်တော်စဉ်နှင့် ထေရဝါဒသာသနာဝင်သမိုင်းတွင် အထူးခြားဆုံးလဖြစ်သလို ဗုဒ္ဓဘာသာဝင်အပေါင်းတို့ကလည်း ထူးထူးခြားခြား ကုသိုလ်အမျိုးမျိုးတို့ ပြုလုပ်ကြသည်ကို သာဓုအနုမောဒနာခေါ်ဆိုကြရမည်ဖြစ်သည်။

ဤဝါဆိုလပြည့်နေ့မှစတင်၍ ဝါတွင်းသုံးလကာလပတ်လုံးသည် ကောင်းမှုအထူးများ ပြည့်လျှံနေသောကာလဟု ဆိုရမည်ဖြစ်သည်။ ရဟန်းတော်များအနေဖြင့် ဝါတွင်းသုံးလကာလပတ်လုံး အရပ်တစ်ပါးသို့ မကြွရောက်တော့ဘဲ သီတင်းသုံးနေထိုင်ရာ ကျောင်းတွင်ပင် ပရိယတ္တိ၊ ပဋိပတ္တိတစ်မျိုးမျိုးကို ကျင့်ကြံအားထုတ်ကြသည်။ ဗုဒ္ဓဘာသာဝင်အများစုတို့သည် ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသုံးလအတွင်း ဥပုသ်နေ့တိုင်းတွင် ဥပုသ်သီလစောင့်ထိန်းကြသည်။ ဒေသအသီးသီးရှိ ကျောင်းတိုက်များတွင် ဥပုသ်စောင့်သူများနှင့် ပြည့်နှက်စည်ကားလျက်ရှိသည်။

မြတ်စွာဘုရားရှင်၏ ထူးကဲမွန်မြတ်သော ဂုဏ်အင်များကို အမြဲမပြတ်ကြည်ညိုသဒ္ဓါပွားများကာ ကောင်းမှုကုသိုလ်များ ပြုလုပ်သင့်သည်။ နှလုံးသားတွင် ဘုရားတည်၍ ယခုဘဝ နောင်သံသရာအတွက် ကောင်းကျိုးများကို ရယူနိုင်သည်။ ရှေးအခါက လပြည့်၊ လကွယ် ဥပုသ်နေ့သို့ရောက်သည့်အခါ သက်ကြီးရွယ်အိုတို့သာမက အချို့သောလူငယ်လူရွယ်များပါ ဥပုသ်သီတင်းစောင့်ထိန်းကြသည့် အစဉ်အလာများရှိခဲ့သည်။ မျက်မှောက်ကာလတွင် ပရိယေသနဝမ်းစာရှာဖွေရေးနှင့် ခေတ်ကာလ၏ ပြောင်းလဲလာသော အခြေအနေတို့ကြောင့် သာသနာရေးဆိုင်ရာ အစဉ်အလာများ လျော့ပါးလာသည်ကို တွေ့ရသည်။

အပျော်အပါးနှင့် ထူးထွေဆန်းပြားမှုများ၍ ကုသိုလ်ကောင်းမှုများနှင့် ဝေးကွာစေသည်။ ခေတ်ကာလအလျောက် ပြောင်းလဲတိုးတက်လာမှုများ၊ တိုင်းတစ်ပါး ယဉ်ကျေးမှု လွှမ်းကဲစွာလွှမ်းမိုးမှုများက ဘာသာသာသနာဆိုင်ရာ မြန်မာ့ရိုးရာအစဉ်အလာများကို မေးမှိန်ပျောက်ကွယ်စေသည်။ မျက်မှောက်ကာလတွင် မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာ လျော့ပါးလာသောကြောင့်လည်းကောင်း၊ ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးပယောဂများကြောင့်လည်းကောင်း ဘုရား၊ တရား၊ သံဃာတို့အား ကြည်ညိုဆည်းကပ်မှုများ ကင်းကွာလာစေသည်သာမကဘဲ ဘုရား၊ တရား၊ သံဃာတော်တို့အပေါ်တွင် ပြစ်မှားစော်ကားသည့်အမှုများပင် ကျူးလွန်လာကြသည်ကို မကြာခဏမြင်တွေ့ကြားသိလာရသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် ရှေးယခင်ခေတ်ကာလနှင့်မတူ ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ကုသိုလ်ယူမှုများ နည်းပါးလာသည်ကို တွေ့လာရသည်။ သံဃာတော်များ၏အဆုံးအမကိုခံယူမှု အားနည်းလာသည်ကို တွေ့ရသည်။ သံဃာတော်နှင့်ကင်းကွာသောအခါ သာသနာတော်ဆိုင်ရာသိကောင်းစရာများ၊ သိသင့်သိထိုက် ခံယူသင့်ခံယူထိုက်မှုများ မရှိတော့ပေ။ လူကြီးများ ဘာသာသာသနာဆိုင်ရာ ခံယူမှုနည်းပါးလာသည်နှင့်အမျှ လူငယ်လူရွယ်များအနေဖြင့် ပို၍ဝေးကွာစေသည်။ ယနေ့လူငယ်လူရွယ်အများစုသည် လဆန်း၊ လဆုတ်၊ လပြည့်၊ လကွယ်နေ့မြတ်များကို မသိကြတော့ပေ။ ဗယ်လင်တိုင်းဒေး ချစ်သူများနေ့ကိုတော့ သိကြသည်။

သို့ဖြစ်ရာ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)သည် မြတ်ဗုဒ္ဓ၏ ထူးကဲမွန်မြတ်သော နေ့ထူးနေ့မြတ်ဖြစ်၍ မြတ်ဗုဒ္ဓ၏ ထူးကဲမွန်မြတ်သော ဂုဏ်အင်များနှင့် ကြည်ညိုသဒ္ဓါပွား ကောင်းမှုကုသိုလ်များ ပြုလုပ်ရသည့် အကျိုးတရားများကို ဗုဒ္ဓဘာသာဝင်များအကြား ပိုမိုကျယ်ပြန့်စွာ အသိပေးနှိုးဆော်၍ ယဉ်ကျေးမှုအစဉ်အလာနှင့် သာသနာထွန်းကားလာအောင် ကြိုးပမ်းလုပ်ဆောင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင် ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ် တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှု မရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်နှစ်အုပ်၊ ပုံနှိပ်ဆဲခြောက်အုပ်၊ စာသားများစစ်ဆေးဆဲ ၁၇ အုပ်၊ စာမူပြုစုဆဲခြောက်အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာ အုပ် ၂၀ အုပ်ရှိပါသည်။

၂။ အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ကျမ်းစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇-၃၄၀၆၂၇၆၊ ၀၉-၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇-၃၄၀၆၂၃၂၊ ၀၉-၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁-၈၆၆၁၂၇၅၊ ၀၉-၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း (ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၂-၄၀၆၁၁၁၂၊ ၀၉-၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၁-၆၅၁၂၀၉၊ ၀၉-၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၂-၄၀၃၆၃၁၂၊ ၀၉-၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မော်လမြိုင် ဇူလိုင် ၁၉**

အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြည်နယ်အဆင့်ဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းဟောပြော**

ဟောပြောပွဲတွင် မော်လမြိုင်-သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ထူးက ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်း အကြောင်းအရာအားလည်းကောင်း၊ ပြည်နယ်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်မောင်မောင်က အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံနှင့် ဒီရေတောများစီမံအုပ်ချုပ်ခြင်းအကြောင်းအရာအားလည်းကောင်း ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဟောပြော

**ရမည်းသင်း ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရမည်းသင်းမြို့နယ်ဦးစီးဌာနမှူးရုံးက ကြီးမှူး၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ အသိပညာ ပေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက် ညနေ ၃နာရီခွဲက ရမည်းသင်းမြို့နယ် တဘက္ကာကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် ရမည်းသင်းမြို့နယ် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူး ဦးသိန်းထိုက်က လူဦးရေစာရင်းတိကျမှန်ကန်ရေး ပြည်သူအားလုံးပါဝင်ကြစေလိုကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်များဖြစ်သည့် အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်း၊ ရေပေးဝေမှုစနစ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း စာရင်းစစ်၊ စာရင်းကောက် လုပ်ငန်းများနှင့် စာရင်းကောက်ရည်ညွှန်းချိန်၊ စာရင်းကောက်မေးခွန်းပုံစံ၊ သန်းခေါင်စာရင်း ကောက်ယူရခြင်းသည် ပြည်သူများ၏ အလုပ်အကိုင်များနှင့် အသက်အပိုင်းအခြားတိကျစေရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံများ စသည်တို့ကို ကောက်ကွက်အလိုက် စနစ်တကျကောက်ယူဆောင်ရွက်နိုင်ရေး လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခိုင်သန္တာရွှေ |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ | **သတင်းထောက်များ** | ဦးသန်းတင်အောင် |
| | ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သားအကြီးဖြစ်သူ ဦးအောင်ဆန်းဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး မေတ္တာပို့သ အမျှပေးဝေစဉ်။



သခင်မြ၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး မေတ္တာပို့သ အမျှပေးဝေစဉ်။

☆ ရှေ့ဖုံးမှ

ဒေါက်တာသက်ခိုင်ဝင်း၊ (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တွေ့ဆုံနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည်အဖွဲ့ဝင်များနှင့် အတူ အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် **စာမျက်နှာ ၄ သို့ »»»**



ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး မေတ္တာပို့သ အမျှပေးဝေစဉ်။



ဦးဘဝင်း၏ မိသားစုဝင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး ဆုတောင်းမေတ္တာပို့သစဉ်။



မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးအုန်းမောင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး ဆုတောင်းမေတ္တာပို့သစဉ်။



ဦးရာဇတ်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး ဆုတောင်းမေတ္တာပို့သစဉ်။



ရဲဘော်ကိုထွေး၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။



မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူတစ်ဦးက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

»»» **စာမျက်နှာ ၃ မှ**

မန်းငြိမ်းမောင်၊ ဒေါက်တာ မှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

**အလေးပြု**

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူပြီး ဂုဏ်ပြုတပ်ဖွဲ့က သေနတ်မြောက်၍ လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍ လည်းကောင်း အလေးပြုကြပြီး နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သားအကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး မေတ္တာပို့သ အမျှပေးဝေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မှတ်ပုံတင်ခွင့်ပြုထားသည့် ရန်ကုန်အခြေစိုက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်ရုံးများမှ ဌာနေကိုယ်စားလှယ်များသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအသင်း၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၊ ခရစ်ယာန် ကလျာဏယုဝအသင်း (YMCA)၊ ရှင်သန်ရေးကူညီမှုအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၊ မြန်မာ မွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံ ဟိန္ဒူအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပန်းချီ/ ပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ အပါအဝင် လူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

**ဂါရဝပြု**

ယင်းနောက် (၇၇) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက် ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသားကျောင်းသူများ၊ အများပြည်သူများက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ် (၁၉) ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ တန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

**စာမျက်နှာ ၅ သို့ »»»**



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

»»» **စာမျက်နှာ ၄ မှ**

၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥဩဆွဲ အချက်ပေးခဲ့သည်။

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) များသို့ အများပြည်သူများကလည်း လာရောက်ဂါရဝပြု လေ့လာခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**



အာဇာနည် ဗိမာန်တွင် လာရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများကို တွေ့ရစဉ်။





အာဇာနည်ဗိမာန်တွင် လာရောက် ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

(၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ ကျင်းပသည်။



ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနားကျင်းပစဉ်။

**တက်ရောက်**

အခမ်းအနားသို့(၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ နှစ်မိနစ်ငြိမ်သက်စွာ ဂါရဝပြုကြသည်။



**ကြည့်ရှုလေ့လာ**

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားမှုအား ကြည့်ရှုလေ့လာခဲ့ကြစဉ်။

**ကြည့်ရှုလေ့လာ**

ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)ရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန်အဆောက်အအုံတို့ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူလာရောက်လေ့လာနိုင်ရန် ယနေ့တွင် တစ်ရက်တာအခမဲ့ အထူးဖွင့်လှစ်ပြသခဲ့ပြီး အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမအတွင်း အာဇာနည်ခေါင်းဆောင်များ ကျန်ရှိခဲ့သည့် ပစ္စည်း ၂၈ မျိုး၊ အဆောက်အအုံ သမိုင်းကြောင်း၊ သက်တမ်း ရာကျော်ရှိသည့် ပါလီမန် အဆောက်အအုံနှင့် အဆောက်အအုံအတွင်း သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုအား အများပြည်သူနှင့် ကျောင်းသား ကျောင်းသူများ အထူးစည်ကားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

**သတင်းစဉ်**

---

## မိုးနဲမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**မိုးနဲ ဇူလိုင် ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် နမ့်စလိုင်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ယမန်နေ့နံနက် ၈ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲကို ကျင်းပခဲ့သည်။



**ရှင်းလင်းဟောပြော**

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်က မူးယစ်ဆေးဝါး သုံးစွဲသူများရရှိမည့် ဆိုးကျိုးများ၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများ ပြုလုပ်ပါက ကျခံရမည့် ပြစ်မှု/ပြစ်ဒဏ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့သည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ချိတ်ဆွဲပြသထားသော အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးက ရှင်းလင်းပြောကြားခဲ့ရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

---



## လှည်းကူးမြို့နယ်၌ ဂျီအီးစီပညာရေး သမဝါယမအသင်း အစည်းအဝေးကျင်းပ

**လှည်းကူး ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ဂျီအီးစီပညာရေး သမဝါယမအသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၅ ရက်က ရင်းတိုက်ပင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ရွှေရင်ပင်ခန်းမ၌ ကျင်းပခဲ့သည်။

**အဖွင့်အမှာစကားပြောကြား**

အစည်းအဝေးတွင် သဘာပတိအဖြစ် ဂျီအီးစီပညာရေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးခင်သိန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေတို့က အဖွင့်အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအား အမှုဆောင်အဖွဲ့က ဖတ်ကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ကျောင်းအလိုက်စုဆောင်းငွေအပေါ် အတိုးငွေများ၊ အမြတ်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## သဲကုန်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

**သဲကုန်း ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ ရက်က အခြေခံပညာအထက်တန်းကျောင်းခွဲ အင်ပင်လှ၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် သဲကုန်းမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်က မိုးရာသီကာလ သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဆိုင်ရာ နည်းစနစ်များနှင့် အကျိုးကျေးဇူးများ၊ သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သစ်တောများမှပေးစွမ်းနိုင်သော အကျိုးကျေးဇူးများအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်ခြင်းနှင့် အလှူဒါနပြုအမျှပေးဝေခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်ခြင်း၊ အလှူဒါနပြုအမျှပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဥပုသ်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်အစချီသော ပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ



ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက်အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြုအမျှပေးဝေခြင်းအခမ်းအနား နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၉**

(၇၇)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြု အမျှပေးဝေခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်



ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဥပုသ်ပရိသတ်များက ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်ပဓာနနာယက ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဥပုသ်ပရိသတ်များက နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရထံမှ သံဝေဂကထာ တရားနာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကာ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် တက်ရောက်လာကြသည့် ဥပုသ်ပရိသတ်များက နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ တစ်မိနစ် မတ်တတ်ရပ်ဦးညွှတ်၍ ငြိမ်သက်ဂါရဝပြုကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီး၌ (၇၇) နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ်လှူဒါန်း



**တောင်ကြီး ဇူလိုင် ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၇၇) နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက သာသနာလင်္ကာရကမ္ဘာ့ဇသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ဆက်လက်ပြီး တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်းနှင့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးအမှူးပြုသော ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပင့်သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ (၇၇) နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ တောင်ကြီးမြို့ မဟာဓမ္မိကာရာမကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချကာ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အမျှဝေပေးခဲ့ကြကြောင်းနှင့် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပေးခဲ့ကြသည်။ ပင့်သံဃာတော်များကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

(၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ်အဆင့်/ခရိုင်အဆင့်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူပြည်သူနှင့် ကျောင်းသားကျောင်းသူများ စည်ကားစွာ လေ့လာကြည့်ရှု

**ရန်ကုန် ဇူလိုင် ၁၉**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် (၇၇)နှစ်မြောက် အာဇာနည်နေ့၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင်တာဝါလိန်းလမ်း)ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသားကျောင်းသူများ စည်ကားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

**ခင်းကျင်းပြသထား**

မြန်မာ့လွတ်လပ်ရေး ဖခင် ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သောနေအိမ်ပြတိုက်၌ အာဇာနည်နေ့တွင် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အထူးပြပွဲအပါအဝင် ပြခန်းများကို ခင်းကျင်းပြသထားပြီး အဆိုပါ အထူးပြပွဲတွင် နည်းပညာပြကွက် (Digital Exhibition)၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် မေးခွန်း ၂၅ ခုကို ဖြေဆိုခြင်းဖြင့် ဆုငွေများ လက်ရောက်ချီးမြှင့်ခဲ့ရာ ဖြေဆိုသူများဖြင့် စည်ကားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား တနင်္လာနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်တို့မှအပ ကျန်နေ့ရက်တို့တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်တွင် အမျိုးသားပြတိုက်(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီသောင်းက “(၇၇) နှစ်မြောက် အာဇာနည်နေ့မှာ ဒီနှစ်ဆိုရင် ပုံမှန်ခင်းကျင်းပြသမှုနဲ့ နည်းပညာပြကွက် (Digital Exhibition)ဆိုပြီး ကဏ္ဍနှစ်မျိုးနဲ့ ပြသထားပါတယ်။ ပုံမှန်ပြသမှုဆိုရင် ပြတိုက်မှာ ခင်းကျင်းပြသထားတဲ့အတိုင်းဖြစ်ပြီး နည်းပညာပြကွက်ဆိုရင် 3D ပိုရိုဂရပ်ဖစ်မှာ ဗိုလ်ချုပ်ရဲ့မိန့်ခွန်းတွေ၊ ပြခန်းတွေက ပစ္စည်းတွေနဲ့ ပြတိုက်ပြင်ပရှုခင်းတို့ကို တစ်နေရာတည်းမှာ ကြည့်ရှုနိုင်အောင် ပြသထားပါတယ်။ Digital Exhibition ပြကွက်မှာ ဗိုလ်ချုပ်မိန့်ခွန်းနဲ့ သမိုင်းကြောင်းကို စခရင်ပေါ်မှာ ကိုယ်တိုင်နှိပ်ရှာပြီး လေ့လာနိုင်အောင် စခရင်ဘုတ်ပြားတွေ ထောင်ပေးထားပါတယ်။ ဗိုလ်ချုပ်နဲ့ပြတိုက်သမိုင်းကြောင်းနဲ့ ပတ်သက်ပြီး ဉာဏ်စမ်းပဟေဠိမေးခွန်း ဖြေဆိုနိုင်သူတွေကို ဆုငွေချီးမြှင့်တာလည်း ဆောင်ရွက်ပေးထားပါတယ်။ ဗိုလ်ချုပ်အိပ်ရာပြခန်းမှာ ဒီနှစ်ထူးခြားတာက ဗိုလ်ချုပ်ဝတ်ဆင်ခဲ့တဲ့ အဝတ်အစားတွေမှာ A.S စာသားပါတဲ့ အဝတ်အစားနဲ့ ခရီးဆောင် သားရေသေတ္တာကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်အောင် အပြင်ကိုထုတ်ပြီး ပြသထားပါတယ်။ ဒီနှစ်မှာ အများပြည်သူ ပြီးပြည့်စုံစွာ လေ့လာသိရှိနိုင်အောင် နည်းပညာပိုင်းဆိုင်ရာများနဲ့ ဖြည့်စွက်ဆောက်ရွက်ပေးထားတဲ့အတွက် အများပြည်သူအားရကျေနပ်မှု ရရှိစေမှာပါ။ မျိုးချစ်စိတ်နဲ့ အာဇာနည်စိတ်ထားတွေ ပေါ်ထွန်းလာအောင် သမိုင်းကြောင်းထဲက အဓိကပုဂ္ဂိုလ်တစ်ဦးကို မှတ်မိစေဖို့ ပြတိုက်ကို ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ဗိုလ်ချုပ်က စာဖတ်အားကောင်းတယ်။ အင်္ဂလိပ်စာအုပ်ဆိုရင် ဘာသာရပ်အလိုက် ၂၃၉ အုပ်ကို ဖတ်ခဲ့တဲ့အတွက် နိုင်ငံတကာနဲ့ ယှဉ်ပြီး ပြောဆိုဆက်ဆံနိုင်ခဲ့ပြီးတော့ လွတ်လပ်ရေးအတွက်လည်း တိုက်ပွဲဝင်နိုင်ခဲ့တာပါ။ ဒါတွေကို ကလေးတွေအနေနဲ့ ခေါင်းဆောင်တစ်ဦးရဲ့ အနေအထိုင်၊ အပြုအမူကို မှန်းဆတမ်းတ မြင်ယောင်ပြီး အတုယူတတ်ဖို့လည်း လိုပါတယ်” ဟု ရှင်းလင်းပြောကြားသည်။

ပြတိုက်အပေါ်ထပ်တွင် ဗိုလ်ချုပ်တို့ဇနီးမောင်နှံအိပ်ခန်း၌ ခုတင်၊ မှန်တင်ခုံ၊ သစ်သားဗီရို၊ ဗိုလ်ချုပ်အသုံးအဆောင်ပစ္စည်းများ ထားရှိပြီး ထိုအခန်းခေါင်းရင်း၌ ကြောင်လိမ်လှေကားဖြင့် တက်ရသည့် တတိယထပ်တာဝါတွင် ရှိသောဘုရားခန်းအတွင်း ဗိုလ်ချုပ်မိသားစုပူဇော်ခဲ့သည့် ဒက္ခိဏာသာခါ ဆင်းတုတော်နှင့် ကျောင်းဆောင်ပုံကို ဗိုလ်ချုပ်အိပ်ခန်းခေါင်းရင်းတွင် ဘုတ်ပြားပေါ်၌ ဓာတ်ပုံ/စာသားဖြင့် ပြသထားပြီး ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သည့် အဝတ်အစားများနှင့် ခရီးဆောင်အိတ်ကို ပြသထားသည်။ ဗိုလ်ချုပ်အိပ်ခန်းနံရံတွင် ဗိုလ်ချုပ်ပုံတူပိုးပန်းချီ၊ ဇနီးမောင်နှံပုံ၊ ဘေးတစ်ဖက်ရှိ စာဖတ်ခန်းတို့ကို ပြသထားပြီး ကလေးများအိပ်ခန်း၌ ခုတင်သုံးလုံး၊ အဝတ်ထည့်ဗီရိုနှင့် မှန်တင်ခုံတို့ကို ပြသထားသည်။

ဗိုလ်ချုပ်၏ သားသမီးများ အိပ်ခန်းအနီးတွင်ရှိသည့် အထူးအစည်းအဝေးခန်း၌ ဆက်တီတစ်စုံနှင့် နံရံတွင် ဗိုလ်ချုပ်မိန့်ခွန်းများ ကောက်နုတ်ချက်တို့ကို မြန်မာ/အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြသထားပြီး ကလေးအိပ်ခန်းအနောက်ဘက်တံခါးရှိ ပြတိုက်စင်္ကြံလမ်းမှ ပြတိုက်အောက်သို့ ပတ်၍ ပြန်ဆင်းပါက ရေကန်အနီး၌ စိုက်ခင်းပြကွက်တွင် သီးပင်စားပင် စိုက်ပျိုးနေသည့် ဗိုလ်ချုပ်ရုပ်တုပုံကို ပြသထားသည်။ ရေကန်အနီး ပြတိုက်ဝင်းအထွက်လမ်း၌ 3D ပိုရိုဂရပ်ဖစ်နှင့် နည်းပညာပြကွက် (Digital Exhibition)တို့ကို ပြသထားပြီး အများပြည်သူ အထူးစိတ်ဝင်တစားလေ့လာခဲ့ကြကာ ဉာဏ်စမ်းပဟေဠိများကိုလည်း စိတ်ပါဝင်စားစွာ ဖြေဆိုကြသည်။

ယနေ့ (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အား ယခင်နှစ်တို့ထက် နည်းပညာအစီအစဉ်တို့ကို တိုးမြှင့်ပြသခဲ့ရာ ပြတိုက်အင်္ဂါနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထား၍ မိုးဖွဲဖွဲနှင့်အတူ ကြည့်ရှုလေ့လာသူတို့ဖြင့် အထူးစည်ကားခဲ့သည်။

**သတင်းစဉ်၊ ဓာတ်ပုံ - ကနူး**






# နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း ငယ်ဘဝဖြစ်စဉ်များမှ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသ

**နတ်မောက် ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ် ပြတိုက်တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြခန်းအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝဖြစ်စဉ်များမှစ၍ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများကို ယနေ့တွင် ခင်းကျင်းပြသရာ လာရောက်ကြည့်ရှုကြသည့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားခဲ့သည်။

**ခင်းကျင်းပြသထား**

“ဒီကနေ့မှာ ကျရောက်တဲ့ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် နတ်မောက်မြို့မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်မှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဂုဏ်ပြုသောအားဖြင့် ယခင်နှစ်တွေနဲ့မတူဘဲ အထူးပြခန်းအနေနဲ့ ဗိုလ်ချုပ်ရဲ့ ငယ်ဘဝကနေ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံတွေကို ခင်းကျင်းပြသထားပြီး ကျောင်းသားလူငယ်တွေ အသိပညာဗဟုသုတကြွယ်ဝစေဖို့အတွက် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးရဲ့ဘဝဖြစ်စဉ် အကျဉ်းတွေကိုပါ ခင်းကျင်းပြသပေးထားပါတယ်”ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မကွေးဌာနခွဲမှ ဦးစီးအရာရှိ ဦးရဲလွင်က ပြောသည်။



ဗိုလ်ချုပ်နေအိမ်ပြတိုက်တွင် ဗိုလ်ချုပ်၏ မိခင် အသုံးပြုခဲ့သည့် ဆီသိုလှောင်သည့် ဂိုဒေါင်ဟောင်းနှင့် နေအိမ်အောက်ထပ်တွင် စပါးကျီချိုင့်၊ ဗိုလ်ချုပ်အစ်မ ရက်ခဲ့သည့် မူရင်းရက်ကန်းစင်၊ ဗိုလ်ချုပ်ငယ်စဉ်ဘဝက ကိုင်ဆောင်ခဲ့သည့် စာအုပ်မျက်နှာဖုံးများ၊ ဗိုလ်ချုပ်၏ မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်၏ နိုင်ငံရေးလှုပ်ရှားမှုများမှသည် ကျဆုံးခဲ့သည့်အချိန်အထိ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားပြီး နေအိမ်အပေါ်ထပ်တွင် ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ထုလုပ်ထားသည့် ဆီလီကွန်ရုပ်တု၊ ဗိုလ်ချုပ် မိဘအိမ်ပြန်လာစဉ် အိပ်ခန်း၊ အိပ်ခန်းအတွင်းမှ မူရင်းကြိုးခုတင်၊ ဗိုလ်ချုပ်၏ မိခင်အိပ်ခန်း၊ ဗိုလ်ချုပ်မိသားစု အိပ်ခန်း၊ အမျိုးသမီးပြင်ဆင်ခန်း၊ မီးဖိုခန်း၊ နေအိမ်ခြံဝင်းအတွင်းတွင် ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ကျောက်စာတိုင်နှင့် (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝဖြစ်စဉ်များမှစ၍ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို ပုံမှန်အားဖြင့် တနင်္လာနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်များမှအပ ကျန်နေ့ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ လာရောက်ကြည့်ရှုလေ့လာနိုင်ပြီး ယနေ့တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူ လေ့လာကြည့်ရှုနိုင်အောင် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရပြီး ယနေ့တွင် ပြခန်းများသို့ လာရောက်ကြည့်ရှုလေ့လာကြသည့် ကျောင်းသားကျောင်းသူများနှင့် ပြည်သူများကို အာဇာနည်နေ့နှင့် ပတ်သက်သည့် သိသင့်သိထိုက်သည့် ဗဟုသုတမေးခွန်းများကို မေးမြန်း၍ ဖြေဆိုနိုင်သူများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မကွေးဌာနခွဲက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး၊ ဓာတ်ပုံ - လှဝင်း(နတ်မောက်)**

# အာဇာနည်မိသားစုဝင်များ၏ အာဇာနည်နေ့အမှတ်တရစကားသံများ

**ရန်ကုန်  ဇူလိုင် ၁၉**

၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်ခင်း။ ဇူလိုင်မိုးစက်မိုးပွင့်များက တဖွဲဖွဲကျဆင်းနေသည်။ မိုးတဖွဲဖွဲကြားမှာပင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များသည် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်သို့ တဖွဲဖွဲလာရောက်ခဲ့ကြသည်။

မိသားစုဝင်များထဲတွင် အချို့က အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရင်နှစ်သည်းချာသားသမီးများ၊ အချို့က အာဇာနည်ခေါင်းဆောင်ကြီးများ၏ မျိုးဆက်သစ်တူ၊ တူမ၊ မြေးမြစ်များစသည်ဖြင့် မျိုးဆက်အလီလီ ပါဝင်ကြလေသည်။ အသက်အရွယ်အရ ကွာခြားသော်ငြား တူညီသောဆန္ဒက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မျိုးဆက်ဖြစ်ရသည်ကို သူတို့ ဂုဏ်ယူကြသည်။ အာဇာနည်ခေါင်းဆောင်ကြီးများသို့နှယ် နိုင်ငံနှင့်လူမျိုးကို ချစ်ခင်ကြသည်။ မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ကြီးပွားဖွံ့ဖြိုးတိုးတက်စေချင်ကြသည်။ သည်နေ့ သည်အချိန် သည်အခါသမယတွင် သွေးသားတော်စပ်ခဲ့သော အာဇာနည်ခေါင်းဆောင်ကြီးများကို အထူးတလည်လွမ်းဆွတ်တမ်းတအမှတ်ရကြသည်။ အမှတ်တရစကားများကိုလည်း ပြောကြားခဲ့ကြသည်။

တွေ့ဆုံမေးမြန်း
ချိုကြီး
ဓာတ်ပုံ
ရဲထွဋ်



သခင်မြ၏သား
ဦးရဲမြင့်အောင်


ဒီးဒုတ်ဦးဘချို၏မြေး
ဦးသန့်ဇင်ချို


မန်းဘခိုင်၏သမီး
ဒေါ်မြင့်မြင့်ခိုင်


မန်းဘခိုင်၏မြေး
နန့်ဇင်မိုးခိုင်


မိုင်းပွန်စော်ဘွားကြီး
စဝ်စံထွန်း၏သား
စဝ်ကိုင်ဖ

**သခင်မြ၏သား**
**ဦးရဲမြင့်အောင်**

အမှတ်တရကတော့ အာဇာနည်နေ့ရောက်တိုင်း ကျွန်တော်တို့ကတော့ နှစ်တိုင်းဂါရဝပြုဖို့ လာရတာပေါ့။ အာဇာနည်နေ့ရောက်တိုင်း မိသားစုဝင်တစ်ယောက်အနေနဲ့ သတိတရလွမ်းဆွတ်မှုတွေတော့ ရှိတာပေါ့။ လူငယ်တွေအတွက်ကတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ဘယ်လိုစည်းစည်းလုံးလုံးနဲ့ လွတ်လပ်ရေးရအောင် အင်္ဂလိပ်ကပဲ ဖိနှိပ်ဖိနှိပ်၊ ဂျပန်ကပဲဖိနှိပ်ဖိနှိပ်၊ ဘာအနှောင့်အယှက်တွေပေါ်ပေါ် တစ်ခုတည်းသော ရည်မှန်းချက်က လွတ်လပ်ရေးရဖို့ပဲ။ လူငယ်တွေအနေနဲ့လည်း ကိုယ်လိုချင်တဲ့ပန်းတိုင်ကို မျက်ခြည်မပြတ်အောင် ကြိုးစားဖို့လိုပါတယ်။ ဒီအချိန်မှာ လူငယ်ထုကိုလည်း စိတ်ဝမ်းမကွဲစေချင်ဘူး။ အာဇာနည် ခေါင်းဆောင်ကြီးတွေထဲမှာလည်း လူမျိုးပေါင်းစုံပါတယ်။ ခရစ်ယာန်လည်းပါတယ်။ တိုင်းရင်းသားတွေ အများကြီးပါတယ်။ မွတ်စလင်တွေလည်းပါတယ်။ လွတ်လပ်ရေးရအောင် တိုင်းပြည်ကို ချစ်တဲ့သူတိုင်း လုပ်ကြရမှာပဲ။ ဒီနေရာမှာစိတ်ဝမ်းမကွဲဘဲ စည်းစည်းလုံးလုံးနဲ့ စည်းလုံးတဲ့ စိတ်ဓာတ်နဲ့ ဘယ်လိုလုပ်သွားတယ်ဆိုတာကိုလည်း သတိတရနဲ့ နမူနာယူစေချင်ပါတယ်။

**ဒီးဒုတ်ဦးဘချို၏မြေး**
**ဦးသန့်ဇင်ချို**

မြန်မာ့လွတ်လပ်ရေး အတွက်ရော တိုင်းပြည်အတွက်ပါ ဒီလိုမျိုးရှေ့က ဦးဆောင်ဦးရွက်လုပ်ရင်းနဲ့ အသက်ပေးသွားတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့မိသားစုအနေနဲ့ နှစ်စဉ်ဂုဏ်ယူစွာနဲ့ပဲ မပျက်မကွက် အမြဲတမ်းလာရောက်ပြီး အခမ်းအနားကိုတက်ခြင်းဖြစ်ပါတယ်။ အခုခေတ်ကတော့ ကျွန်တော်တို့အရင်ရှေးခေတ်တွေနဲ့တော့ တော်တော်ကွာသွားပါပြီ။ အိုင်တီခေတ်ဆိုတော့ အစစအရာရာ တီထွင်ကြံဆပြီး တိုးတက်အောင် လုပ်ကြတဲ့အတွက် နယ်ပယ်ပေါင်းစုံက အဘက်ဘက်က ဖွံ့ဖြိုးပြီးတော့ AI ဖြစ်လာတဲ့အချိန်မှာ ကျွန်တော်တို့တိုင်းပြည်က လူငယ်တွေနောက်ကျမကျန်ဘဲနဲ့ ခေတ်နဲ့ရင်ပေါင်တန်းနိုင်ဖို့ ကြိုးစားနေကြတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံက အခု လွတ်လပ်ရေးရပြီးကတည်းက ပြဿနာပေါင်းစုံနဲ့ရင်ဆိုင်ပြီး မငြိမ်းချမ်းတဲ့အတွက်ကြောင့်မို့ တိုးတက်မှုတွေက နောက်ကျပြီး ကျန်ခဲ့တာပေါ့။ မျိုးဆက်သစ်လူငယ်တွေအနေနဲ့လည်း ဒီဟာကိုသင်ခန်းစာယူကြပြီး တိုင်းပြည်တိုးတက်အောင် မျိုးချစ်စိတ်ကို အခြေခံပြီး လုပ်ဆောင်ကြရင်တော့ တိုင်းပြည်က မလွဲမသွေ တိုးတက်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။


ဦးရာဇတ်၏သား
ဦးလှကြည်



ဦးအုန်းမောင်၏သား
ဒေါက်တာမင်းမြင့်
(ပါမောက္ခ/ဌာနမှူး-ငြိမ်း)



ရဲဘော်ကိုထွေး၏တူ
ဒုတိယဗိုလ်မှူးကြီး
အောင်ကိုကို(ငြိမ်း)

**မန်းဘခိုင်၏သမီး**
**ဒေါ်မြင့်မြင့်ခိုင်**

ကျွန်မဖခင် မန်းဘခိုင်ကတော့ မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့ အသက်ပေးလှူသွားခဲ့ပါပြီ။ ကျွန်မတို့ သားသမီးတွေအနေနဲ့ လွတ်လပ်သွားတဲ့ ကိုယ့်ရဲ့ တိုင်းပြည်နိုင်ငံကြီး တိုးတက်ဖွံ့ဖြိုးဖို့ စွမ်းဆောင်နိုင်သမျှ နိုင်ငံ့ဝန်ထမ်းအဖြစ်နဲ့ ၄၂ နှစ်ကျော်တာဝန် ထမ်းဆောင်ခဲ့ပြီးပါပြီ။ ကျွန်မဖခင်မျှော်မှန်းတဲ့ ကျွန်မတို့ကိုယ်တိုင်မျှော်မှန်းတဲ့ မြန်မာနိုင်ငံတော်ကြီးဖြစ်အောင် ရှေ့ဆက်ပြီး နိုင်ငံသူနိုင်ငံသားတွေ အားလုံးဝိုင်းဝန်းကြိုးပမ်းကြပါလို့ ပြောချင်ပါတယ်။ ကျွန်မတို့က ယနေ့အထိ နိုင်ငံတော်က အသိအမှတ်ပြုထားတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဒါပေမဲ့ ကျွန်မတို့ဖြစ်ချင်တာက နိုင်ငံတော်ကြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ဖြစ်နေတာကို တွေ့ချင်ပါတယ်။

**မန်းဘခိုင်၏မြေး**
**နန့်ဇင်မိုးခိုင်**

အမှတ်တရ စကားအနေနဲ့ မြန်မာနိုင်ငံကို လွတ်လပ်ရေးရအောင်လုပ်ပေးခဲ့တဲ့ အဘဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အာဇာနည်ကိုးဦးကို ကျွန်မအဘိုး အပါအဝင် အားလုံးကို ကျေးဇူးတင်ပါတယ်။

ဂုဏ်ယူပါတယ်လို့ ပြောချင်ပါတယ်။ လူငယ်တွေအတွက် အဘဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံ့အတွက် လွတ်လပ်ရေးရအောင် လုပ်သွားသလိုပဲ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေလည်း မြန်မာနိုင်ငံကြီး တိုးတက်အောင်မြင်အောင် လုပ်ဆောင်သွားကြပါ။ နိုင်ငံကြီး လွတ်လပ်ရေးရအောင် လုပ်ဆောင်ခဲ့တဲ့ လုပ်ဆောင်မှုဆိုတာ မလွယ်ဘူးလေ။ အဲဒီလိုလုပ်ဆောင်ခဲ့တဲ့ အဘဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ အာဇာနည် ကိုးဦးထဲမှာ ကျွန်မရဲ့ အဘိုးကိုယ်စား ဂုဏ်ယူမိပါတယ်၊ လေးစားမိပါတယ်။ အဘိုးရဲ့မြေးဖြစ်ရတာ ဝမ်းသာမိပါတယ်။

**မိုင်းပွန်စော်ဘွားကြီး**
**စဝ်စံထွန်း၏သား**
**စဝ်ကိုင်ဖ**

နှစ်စဉ်ခမ်းခမ်းနားနား မမေ့မလျော့နဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို သတိရစွာနဲ့ ဂုဏ်ပြုပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်ကလည်း နေမကောင်းတဲ့ကြားက ကြိုးစားပြီးတက်ရောက်ခဲ့ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ချမှတ်ခဲ့တဲ့ လမ်းစဉ်အတိုင်း ပြည်ထောင်စုကြီးအဓွန့်ရှည်စွာ တည်မြဲပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**ဦးရာဇတ်၏သား**
**ဦးလှကြည်**

အာဇာနည်နေ့ အကြောင်းကို ကျောင်းဆရာ ဆရာမတွေသိရမယ်။ နားလည်ရမယ်။ ပြီးရင် ကျောင်းသား လူငယ်တွေကို တစ်ဆင့်ပြန်ပြောရမယ်။ ဆရာဆရာမတွေ နားလည်ဖို့ လိုသေးတယ်။ သူတို့နားလည်မှ ကျောင်းသားတွေကို ပြန်ပြောလို့ရမယ်။ လူငယ်တွေအတွက်က အာဇာနည်ခေါင်းဆောင်ကြီးတွေကို အတုယူသင့်တယ်။ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ရင်းနဲ့ လုပ်ကြံခံရတဲ့ သူတွေအကြောင်းကို ကျောင်းသားလူငယ်တွေ သိဖို့လိုတယ်။

**ဦးအုန်းမောင်၏သား**
**ဒေါက်တာမင်းမြင့်**
**(ပါမောက္ခ/ဌာနမှူး-ငြိမ်း)**

ကျဆုံးသွားတဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို နောင်လာနောက်သား ကလေးတွေက လူလတ်ပိုင်းရော၊ လူငယ်ပိုင်းရော ဘာအတုယူသင့်တယ်ဆိုတာ အတိုချုံးပြောလိုက်ပါမယ်။ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံက အာဇာနည်ခေါင်းဆောင်ကြီးဖြစ်ပြီး နိုင်ငံခြားကအာဇာနည်ခေါင်းဆောင်ကြီးတွေနဲ့ လုံးဝမတူပါဘူး။ ဘာလို့မတူလဲဆိုရင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ထူးခြားချက်က လက်ရုံးရည်၊ နှလုံးရည်ကောင်းတယ်။ ဘာကြောင့်လဲဆိုတော့ အသက်ငယ်ငယ်နဲ့ ရဲဘော်သုံးကျိပ်ကို ဦးဆောင်ပြီး ဂျပန်ပြည်မှာသွားပြီး စစ်သင်တန်းတက်တယ်။ ပြီးတော့ အင်္ဂလိပ်ကို တော်လှန်ခဲ့တယ်။ ပြီးတော့ ဂျပန်ကိုတော်လှန်ခဲ့တယ်။ ဂျပန်ထွက်သွားပြီး အင်္ဂလိပ်ဝင်လာတယ်။ အင်္ဂလိပ်ကလည်း လွတ်လပ်ရေး ပေးတော့မလိုနဲ့ မပေးဘဲနဲ့ အချိန်ဆွဲနေတယ်။ ပင်လုံညီလာခံတို့ဘာတို့ အကုန်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက အဲဒီမှာ နှလုံးရည်ဘယ်လောက်တော်တယ်၊ ပြည့်ဝတယ်ဆိုတာ တကယ့်အာဇာနည်တွေ။ နိုင်ငံတကာမှာ အသက်ငယ်ငယ်ရှယ်ရှယ်နဲ့ သူဦးဆောင်ပြီး ဝန်ကြီးချုပ် အက်တလီကို သူကိုယ်တိုင်တွေ့ပြီးဆွေးနွေးတယ်။ ဆွေးနွေးပြီး အောင်မြင်သွားတယ်။ အောင်မြင်တော့ အောင်ဆန်းအက်တလီ စာချုပ်ချုပ်နိုင်ခဲ့တယ်။ ဒါပေမဲ့ ပြန်လာတဲ့အခါမှာ မမျှော်လင့်ဘဲနဲ့ ၁၉ ဇူလိုင်မှာ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် နိုင်ငံ့ခေါင်းဆောင်ကြီးတွေ၊ ကျွန်တော့်အဖေအပါအဝင် လုပ်ကြံခံရပြီး ကျဆုံးသွားတယ်။ အဲဒီနောက်ပိုင်းမှာ ဝန်ကြီးချုပ်ဦးနုက ဆက်လက်ပြီး အောင်ဆန်းအက်တလီစာချုပ်ကို နုအက်တလီစာချုပ် လုပ်ပြီးတော့ ဗမာပြည်က လွတ်လပ်ရေးရခဲ့တယ်။ နှလုံးရည် ဘယ်လောက်တော်လဲဆိုတာ အဲဒါပဲ။ အခုလည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ကြိုးစားနေတာပဲ။ ခုလက်ရှိ နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လုပ်နေတာပဲလေ။ ခုလုပ်နေတဲ့ပုံစံကကြည့်လိုက်ရင် လမ်းကြောင်းက တည့်ပါတယ်။ ဖြစ်လာမယ် မဖြစ်လာဘူးဆိုတာ ပါဝင်နေတဲ့သူတွေရဲ့ သဘောအပေါ် မူတည်ပါတယ်။ အောင်မြင်ပါစေလို့ ပြည်သူတစ်ယောက်အနေနဲ့ ဆုတောင်းဆန္ဒပြုတာပေါ့။ အဲဒီအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ဝိုင်းဝန်းကြိုးစားပေးကြပါ။

**ရဲဘော်ကိုထွေး၏တူ**
**ဒုတိယဗိုလ်မှူးကြီး**
**အောင်ကိုကို(ငြိမ်း)**

အာဇာနည်နေ့ ရောက်ရင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ အတူ အာဇာနည်ခေါင်းဆောင်ကြီးတွေကို တမ်းတသတိရမိပါတယ်။

စာမျက်နှာ ၁၀ သို့ ☆

# ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာ တိုက်ခန်းများသာယာရေးအဖွဲ့ရုံး၌ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သုခတော်ဝင်အိမ်ရာ ရှိပြည်သူများအား အခမဲ့ကျန်းမားရေးစောင့်ရှောက်မှု ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် သုခတော်ဝင်အိမ်ရာ တိုက်ခန်းများ သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့်အဖွဲ့ဝင် များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်တို့က သုခတော်ဝင်အိမ်ရာ၌ ပြည်သူများနေထိုင်မှု၊ စည်ပင်သာယာရေးလုပ်ငန်း များနှင့် သောက်သုံးရေဖြန့်ဝေပေးနေမှု အခြေအနေ များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက မြို့တော်အင်္ဂါရပ်နှင့်အညီ စိမ်းလန်းစိုပြည် စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ အိမ်ရာအတွင်း အမှိုက်ကင်းစင်ရေး၊ ပလတ်စတစ်ကင်းစင်သည့် ဇရိယာဖြစ်စေရေးအတွက် ပလတ်စတစ်အစားထိုး ပစ္စည်းများ အသုံးပြုနိုင်ရေးကိစ္စရပ်များကို ဆွေးနွေး မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် နေပြည်တော် စည်ပင် သာယာရေးကော်မတီ (ရေနှင့်သန့်ရှင်းမှု)အင်ဂျင် နီယာဌာန အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာရေ ပေးရေးဝင်းသို့ လည်းကောင်း၊ သုခသိဒ္ဓိရပ်ကွက် သုခတော်ဝင်အိမ်ရာ စီမံကိန်းအပိုင်း(၂) တည် ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်း ကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး အိမ်ရာ အတွင်း ပြည်သူများ ရေသုံးစွဲမှုအခက်အခဲ



မရှိစေရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်း များ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရန်၊ သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးနှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရေတာရှည်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရေတာရှည် ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျောက်ကုန်းကျေးရွာ ကုန်ထုတ်လမ်းရှိ လမ်းဘေး ဝဲ၊ ယာတွင် အရိပ်ရပင်များနှင့် သီးပင် စားပင်များစိုက်ပျိုးခြင်းကို ယနေ့ နံနက် ၈ နာရီက ဌာနဆိုင်ရာများမှ ဝန်ထမ်းများက စုပေါင်းကျင်းပသည်။

ထိုသို့စုပေါင်းစိုက်ပျိုးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မန်ကျည်း ၇၀၊ မဲဇလီ ၇၀၊ ဥသျှစ် ၁၀ ပင်နှင့် ပိန္နဲ ၁၀ ပင် စုစုပေါင်း ပျိုးပင် ၁၆၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးမှုကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှု၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်မှုတို့ဖြင့် ဆောင်ရွက် ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လေးမျက်နှာမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**လေးမျက်နှာ ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး လေး မျက်နှာမြို့နယ် ပိန်းအင်းအုပ်စု ကျွဲမြီးဆွဲ ကျေးရွာ(အထကခွဲ) တွင် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များ၊ ဇီဝအချက်အလက်ဆိုင်ရာများ၊ မြေပြင်လူဦးရေစာရင်းများ စိစစ် ခြင်းကို ဇွန် ၁၆ ရက်တွင် ကွင်းဆင်း



ဆောင်ရွက်ခဲ့သည်။

စီမံချက် ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန လေးမျက်နှာ မြို့နယ်ရုံးမှ လဝကမှူး ဒေါ်ရီရီချို နှင့် သက်ဆိုင်ရာတိုက်နယ်မှူးများ၊ ဝန်ထမ်းများက ပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ် ဆောင်ရွက်ထားခြင်းမရှိသေးသူ များ၊ အိမ်ထောင်စုလူဦးရေစာရင်း မရှိသေးသူများ၊ မြေပြင်လူဦးရေ စာရင်းများ စိစစ်ခြင်းတို့ကိုကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။ **မိုးသက်ကို(ပြန်/ဆက်)**

# ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ အခြေခံစားသောက်ကုန်များ ရောင်းချပေး

**သထုံ ဇူလိုင် ၁၉**

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ် (သထုံ)တွင် ပြည်နယ်အစိုးရအဖွဲ့၏စီမံမှုဖြင့် ဇူလိုင် ၁၇ ရက်က ဆန်၊



ဆီ၊ အသားငါး၊ ဟင်းသီးဟင်းရွက် စသည့် အခြေခံစားသောက်ကုန်များကို သတ်မှတ်ထားသည့် သက်သာသောဈေးနှုန်းတို့ဖြင့် မြို့နယ်အဆင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော် မတီမှ တာဝန်ရှိသူများက ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် ပေါ်ဆန်းမွှေး တစ်ပြည် ကျပ် ၅၅၀၀၊ ဧည့်မထတစ်ပြည် ကျပ် ၃၀၀၀၊ စားအုန်းဆီတစ်ပိဿာ ကျပ် ၆၀၀၀ နှင့် ကြက်သား၊ ဝက်သား၊ အမဲသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်းရွက်၊ ကုန်စိမ်း၊ ကုန်ခြောက် စသည့်အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် စနစ်တကျ ရောင်းချပေးရာ ကွန်ပျူတာ တက္ကသိုလ်(သထုံ) ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများက ဝယ်ယူခဲ့ကြပြီး ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

☆ စာမျက်နှာ ၉ မှ

ဒီနှစ် တမ်းတသတိရတဲ့အခါမှာတော့ အဘတို့အနေ နဲ့ အားလည်းနာမိတယ်၊ ရှက်လည်းရှက်မိတယ်။ ဗိုလ်ချုပ်တို့က သူတို့အသက်မသေခင် မကွယ်လွန် ခင်ပေါ့။ တာဝန်ကြီးသုံးရပ်ရှိတယ်၊ သူလုပ် ခဲ့တာတွေကတော့ အများကြီးပေါ့။ အဲဒါတွေကို ခွဲခြမ်းပြီး ပြန်ပြီးချုံ့လိုက်လို့ရှိရင် ပထမတာဝန် ကတော့ နိုင်ငံတော်လွတ်လပ်ရေးနဲ့ အချုပ်အခြာ အာဏာရရှိရေးဆိုတဲ့တာဝန်၊ ဒါကတော့ သူတို့ ကြိုးစားခဲ့ပြီး ဒါကြိုးစားလို့လည်း တစ်နှစ်အတွင်း လွတ်လပ်ရေးရအောင်လုပ်မယ်ဆိုပြီး ရသွားတယ်။ ဒုတိယတာဝန်ကြီးက တိုင်းရင်းသားစည်းလုံးညီညွတ် ရေးဆိုတဲ့ တာဝန်ကြီး ဒီတာဝန်အရ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ ပင်လုံမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မျိုးစေ့ချပေးခဲ့တဲ့အတွက် လည်း တိုင်းပြည်က တောင်တန်းမြေပြန့်မခွဲခြားဘဲနဲ့ အားလုံး တစုတပေါင်းတည်း လွတ်လပ်ရေးရသွား ခဲ့တယ်။ နောက် တတိယတာဝန်က နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးဆိုတဲ့တာဝန်ပေါ့။ အဲဒီတာဝန်ကိုထမ်း ဆောင်ဖို့ကတော့ လွတ်လပ်ရေးမရသေးတဲ့အတွက် ကြောင့် မူဝါဒတွေပဲချမှတ်ပြီး ထမ်းဆောင်ခဲ့ရတာပေါ့။ ပြောရမယ်ဆိုရင် ဒီတာဝန်သုံးရပ်မှာ အခြေခံအကျ ဆုံးကဘာလဲဆိုတော့တိုင်းရင်းသားစည်းလုံးညီညွတ် မှုရရှိရေးဒီတာဝန် အဲဒါသူတို့လုပ်နိုင်ခဲ့တဲ့အတွက် တောင်တန်းမြေပြန့် တစည်းတလုံးတည်းနဲ့ လွတ်လပ်ရေးရခဲ့တယ်။ ဒါပေမဲ့ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာလည်း နယ်ချဲ့ကချခဲ့တဲ့မျိုးစေ့၊ ဒီမျိုးစေ့ ကြောင့် တိုင်းရင်းသားပြည်သူလူထုအချင်းချင်း သွေးခွဲမှုတွေကဆိုးလာလိုက်၊ ပြန်ကောင်းလာလိုက် ဆိုးလိုက်ပေါ့ အဲဒီလိုရှိခဲ့တယ်။ ဒီဟာတွေကြောင့်ပဲ နိုင်ငံတော်လွတ်လပ်ရေးနဲ့ အချုပ်အခြာထိပါးတဲ့ အရိပ်အယောင်တွေ မြင်လာတယ်။ အဲဒါကြောင့် ဒီလိုအခြေအနေမျိုးမှာ ဘဘပြောချင်တာကတော့ သက်ကြီးရွယ်အိုတွေ၊ လူလတ်တွေရော၊ လူငယ်တွေ ရော အားလုံးက ကိုယ်နိုင်ရာနိုင်ရာ တာဝန်တွေ ထမ်းဆောင်ပြီး ကိုယ့်တိုင်းပြည်ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ဆောင်သွားကြပါလို့ ပြောချင်ပါ တယ်။

# ချောင်းဆုံမြို့နယ်၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းအသိပညာပေး ဆွေးနွေးပွဲပြုလုပ်

**ချောင်းဆုံ ဇူလိုင် ၁၉**

မွန်ပြည်နယ် ချောင်းဆုံမြို့ နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် သစ်တော ဦးစီးဌာနတို့ ပူးပေါင်းကာ ဇူလိုင် ၁၈ ရက် နံနက် ၁၁ နာရီက လူထု အခြေပြုဗဟိုဌာနခန်းမတွင် “ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း” အသိပညာ ပေးဆွေးနွေးပွဲ ပြုလုပ်သည်။

ဦးစွာ မြို့နယ်(ပြန်/ဆက်) ဦးစီးဌာနမှ ဒေါ်အိအိထွေးက ဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး မော်လမြိုင်တွဲဖက် ချောင်းဆုံမြို့ နယ်သစ်တောဦးစီးဌာန တောအုပ်




ကြီး ဦးဟိန်းထွဋ်ဘုန်းက သစ်တော များ အရေးပါပုံအကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု အခြေအနေများ၊ သစ်တော ဦးစီးဌာနမှ သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရွက်နေမှုများ၊ ပျိုးပင်များ ဖြန့်ဝေပေးမှု အခြေအနေများ၊ သစ်ပင်တစ်ပင်ရှင်သန်ရေး ပြုစု စိုက်ပျိုးနည်းနှင့် ပြည်သူများ ပူးပေါင်းပါဝင်ရေး စသည်တို့ကို ဆွေးနွေးပေးခဲ့ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# သိပြီး ကျင့်၊ သိ၍ ရှိလျှင် ပြင်နိုင်ပါလိမ့်မည်

ဒေါက်တာမြတ်မိုး

လောကခံဆိုတာကို အားလုံးကြုံရ၊ ဆုံရ ဓမ္မတာပါ။ အကောင်းလောကခံ ၊ အဆိုးလောကခံဆိုပြီး မလွတ်ကင်း တွေ့ရမှာသာ။ ဘယ်မှာကင်းကြလို့ပါလဲ။ အာရုံတွေများလွန်းလှတဲ့ ယခုခေတ်ကြီး ပိုဆိုးလှတယ်။ မြန်မာကော ကမ္ဘာမှာပါ ဣဋ္ဌာရုံထက် အနိဋ္ဌာရုံက ပိုများနေတယ်၊ တင့်တယ်တာထက် မတင့်တယ်တာ၊ စိတ်ချမ်းသာစရာထက် ဆင်းရဲစရာက ပိုများနေတယ်၊ ဝမ်းသာကြည်နူးစရာထက် သောက စိုးရိမ်ပူဆွေးမှုတွေ၊ ပရိဒေဝ ငိုကြွေးမြည်တမ်းမှုတွေ၊ ဒုက္ခဆင်းရဲ၊ ဒေါမနဿ မသာယာမှုတွေ၊ ဥပါယာသ ပြင်းစွာသောပင်ပန်းမှုတွေ မီးတွေအလားထိုအပူတွေက ပိုမိုထူပြောလျက်ရှိနေပါတယ်...။

## ကံ ၊ ကံရဲ့ အကျိုးသာလျှင်

အားလုံးပဲကြုံရမှာပဲ၊ ဘယ်သူမှမလွတ်ပါဘူး။ အကြောင်းက ကျွန်တော်တို့က ကံ ၊ ကံရဲ့အကျိုးကို ယုံကြည်တဲ့ ဗုဒ္ဓဘာသာဝင်တွေဖြစ်တာကြောင့်ပါ။ ကံကိုချည်းအပြစ်ပုံချတာမဟုတ်ပေမယ့် ကံ၊ ဉာဏ်၊ ဝီရိယဆိုတာရှိတာပဲ။ ရေဘေး ၊ လေဘေး ၊ မီးဘေး၊ အင်တာဘေး၊ လက်နက်ဘေးကြောင့်ဆိုပေမယ့် ဒါတွေက လူကြောင့်ပဲဖြစ်တာ၊ ခံရတာလည်း ကိုယ်ကိုယ်တိုင်ကိုယ့်ကြောင့်လည်းပါတာပဲ။ စိတ်ဆိုတာ မကောင်းမှုမှာ ပိုပြီးမွေ့လျော်တတ်တဲ့သဘောရှိလေတော့ ကိုယ်လုပ်ခဲ့လို့ ကိုယ်ပြန်ရနေကြတာပဲ၊ ကိုယ်ပြုခဲ့တဲ့စေတနာက ဘာလုပ်လုပ်ကံဖြစ်သွားတာပဲဆိုပြီး နှလုံးသွင်းကြည့်ပါ။ ကံဝဋ်ကြွေးတွေမကုန်ကြသေးလို့သာလျှင်ဖြစ်ပါတယ်။ ဖြစ်သူအဟောင်း ပြုသူအသစ်ပါတဲ့။ သတိပြုမိဖို့ဖြစ်ပါတယ်။ သေဘေးနဲ့ကြုံနေရလည်း သေချင်မှသေတာ၊ သေဘေးနဲ့အဝေးကြီးပေမယ့် သေချင်လည်းသေနိုင်တာ၊ အားလုံးကတော့ ကိုယ့်ကိုယ်ကိုယ် မြဲတယ်ထင်နေကြတာ၊ သူများသေလည်း ကိုယ်မသေနိုင်ဘူးထင်ပြီး မရဏသဘောကိုမသိမေ့လျော့နေတာ၊ တွေဝေမိုက်မှား မောဟကြောင့်လည်းဖြစ်ရတယ်။ အချိန်မရွေး၊ ကာလဒေသမရွေး ငါလည်းကြုံနိုင်တယ်ဆိုတာ အမှတ်ရနေရင်ကို ဘယ်အာရုံနဲ့ကြုံကြုံ ကြိုက်တဲ့အာရုံဖြစ်လည်း အလွန်အမင်း လောဘမတက်၊ စက်ဆုပ်ဖွယ်အာရုံတွေ့လည်း ဒေါသမဖြစ်တော့၊ ဒီလိုနှလုံးသွင်းမှန်နေအောင် ကြိုးစားကြည့်ကြရအောင်ပါ။

## အကြောင်းနဲ့အကျိုး

ရာဂရဲ့အစက သုခနဲ့ သောမနဿ၊ ဒေါသရဲ့အကြောင်းက ဒုက္ခနဲ့ ဒေါမနဿဖြစ်တယ်လို့ မြတ်စွာဘုရားက စိတ်ထားတွေမဖြူစင်၊ မစင်ကြယ်ကြခြင်းရဲ့အကြောင်းတရားတွေကို ဟောကြားတော်မူပါတယ်။ သုခနဲ့သောမနဿ ဆိုတာ ကိုယ်ချမ်းသာနဲ့ စိတ်ချမ်းသာ၊ ဒုက္ခနဲ့ ဒေါမနဿဆိုတာ ကိုယ်ဆင်းရဲနဲ့ စိတ်ဆင်းရဲခြင်းဆိုပြီး အဘိဓမ္မာတရားတော်ကြီးမှာ နာယူမှတ်သားသိနားလည်ခဲ့ရဖူးပါတယ်။

ကျွန်တော်တို့ဟာ ကိုယ်လိုချင်တာမရ၊ ကိုယ်ဖြစ်ချင်တာမဖြစ်တော့ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ် ဒေါသဖြစ်ရတယ်။ မလိုချင်တာရ၊ မဖြစ်ချင်တာဖြစ်လည်း ဒေါသ၊ ကိုယ်လိုချင်တာရ ကိုယ်ဖြစ်ချင်တာဖြစ်နေတော့ စိတ်ချမ်းသာပြီး ထပ်ကာထပ်ကာလိုချင်၊ လောဘဖြစ်ချင်ကြပြန်တယ်။ ရာဂတို့၊ ဒေါသတို့ဆိုတာ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာတွေပါပဲ။ လောဘကို လောဘဖြစ်နေမှန်းမသိ၊ ဒေါသကို ဒေါသဖြစ်နေမှန်းမသိတော့ မောဟ၊ လောဘကြောင့် လောဘရဲ့နောက်လိုက် အယူမှားဒိဋ္ဌိနဲ့မာနတရားဆိုး ဖြစ်မိပြန်တယ်။ ဒေါသကြောင့် ဒေါသနောက်လိုက်တွေဖြစ်တဲ့ မနာလိုဝန်တိုမှု ဣဿာနဲ့မစ္ဆရိယတို့ပါ တွဲပါကုန်တယ်။ မောဟကြောင့် မောဟနောက်လိုက်တွေဖြစ်ကြတဲ့ အရှက်အကြောက်ကင်းမဲ့ခြင်းနဲ့ တွေဝေထိုင်းမှိုင်းပျင်းရိခြင်းစတဲ့ မကောင်းတဲ့နောက်လိုက်တရားတွေ တွဲမိကြပြန်တယ်။

> ❛ ကျွန်တော်တို့ဟာ ကိုယ်လိုချင်တာမရ၊ ကိုယ်ဖြစ်ချင်တာမဖြစ်တော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ် ဒေါသဖြစ်ရတယ်။ မလိုချင်တာရ၊ မဖြစ်ချင်တာဖြစ်လည်း ဒေါသ၊ ကိုယ်လိုချင်တာရ ကိုယ်ဖြစ်ချင်တာ ဖြစ်နေတော့ စိတ်ချမ်းသာပြီး ထပ်ကာထပ်ကာ လိုချင်၊ လောဘဖြစ်ချင်ကြပြန်တယ်။ ရာဂတို့၊ ဒေါသတို့ဆိုတာ လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာတွေပါပဲ။ လောဘကို လောဘဖြစ်နေမှန်းမသိ၊ ဒေါသကို ဒေါသဖြစ်နေမှန်းမသိတော့ မောဟ၊ လောဘကြောင့် လောဘရဲ့နောက်လိုက် အယူမှားဒိဋ္ဌိနဲ့မာနတရားဆိုး ဖြစ်မိပြန်တယ် ❜

## မဇ္ဈိမပဋိပဒါအလယ်အလတ်လမ်းဆိုတာ

အခုလို ထူးခြားမှုအပြည့်နဲ့ လလေးတစ်ခုကို ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေအတွက် အလေးအနက် ထားရှိသင့်တယ်လို့ ဆိုရပါမယ်။ မြတ်စွာဘုရားသာသနာတည်ရာ အဆုံးအမတို့အမွန်အမြတ်ပြုရာ အနှစ်သာရအပြည့်ရှိတဲ့ ဝါဆိုလပြည့်နေ့ထူးကစလို့ ဝါတွင်းအခါသမယဖြစ်လာမယ့်အတွက်ကြောင့်ပါ။ ဤနေ့ဤရက်မှာ တရားဦးအဖြစ် မေတ္တာကွန်ရက်ဖြန့်ကြက်ကာ မြွက်ကြားခဲ့တဲ့ မြတ်စွာဘုရားရဲ့ ဓမ္မစကြာဒေသနာတော်ကြောင့် ကျွန်တော်တို့ဟာ အို ၊ နာ ၊ သေ ဝဲသြဂသံသရာမှ လွတ်ရာလွတ်ကြောင်း တရားတော်ကြီးကို အလွယ်တကူနားလည်ခဲ့ကြရပါပြီ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ ဤသစ္စာလေးပါးကို ထိုးထွင်းသိမြင်ခဲ့တဲ့ မြတ်စွာဘုရားက အသိကို အကျင့်နဲ့တွဲရန်ပါ ဆုံးမတော်မူခဲ့ပါတယ်။

သံသရာမှလွတ်ရာလမ်းကိုလျှောက်ရင် မဇ္ဈိမပဋိပဒါလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြဖို့ ဟောကြားခဲ့ခြင်းကိုလည်း ဓမ္မလမ်းကြောင်းအရကော လောကလမ်းကြောင်းအရပါ သိခွင့်ရခဲ့ခြင်းဟာ အလွန်ကို ကျေးဇူးကြီးမားခဲ့ရပါတယ်။ မဇ္ဈိမပဋိပဒါလမ်းက ဓမ္မအလိုအရတော့ မဂ္ဂင်ရှစ်ပါးပါပဲ။ မှန်စွာသိ၊ မှန်စွာကြံ၊ မှန်စွာပြော၊ မှန်စွာပြု၊ မှန်စွာအသက်မွေး၊ မှန်စွာအားထုတ် ၊ မှန်စွာသတိ၊ မှန်စွာတည်ကြည်သမာဓိတို့က ကိလေသာတို့ကင်းရာ လမ်းကြောင်းအမှန် မဂ္ဂင်ရှစ်ပါးပင်ဖြစ်ပါတယ်။ ဒါက ဓမ္မအလိုအရ ပွားရမယ့်တရားပါ။ လောကအလိုအရတော့ အစွန်းနှစ်ပါးကို ရှောင်ရှား၊ အလယ်အလတ်မှာမှန်မှန်ရှိကြဖို့ ကျင့်ရမယ့်တရားအဖြစ် သတိထားဆင်ခြင်မိပြန်တယ်။ တရားရဖို့ ကုသိုလ်ရဖို့ကလွဲလို့ ဆင်းရဲပင်ပန်းခြင်းသို့လည်း အလွန်အမင်းမလိုက်နဲ့၊ လိုချင်တပ်မက်လွန်းလည်းမဖြစ်ပါနဲ့လို့ဆိုခြင်းက ကျွန်တော်တို့သွားသင့်တဲ့ အလယ်အလတ်ကျင့်စဉ်လမ်းပါပဲ။

## သိလည်းသိ ပယ်လည်းပယ် ဆိုက်အောင်လည်းပွား

ထိုအကျင့်မှန်လမ်းမှန်နဲ့ သစ္စာလေးပါးကို ကျင့်ရာမှာ ဒုက္ခသစ္စာဆိုတာ သိရမယ့်တရားပါ။ ဘဝအသစ်ဖြစ်လာတာ၊ ခန္ဓာရလာတာကိုက ဒုက္ခပါပဲတဲ့၊ မှန်ပါတယ်။ ခန္ဓာရလာမှတော့ အို ၊ နာ၊ သေ ဘယ်လွတ်တော့ပါ့မလဲ၊ အချိန်တိုင်းပြုပြင်နေရလည်း ခဏတာ၊ ထပ်ကာထပ်ကာပြင်လို့ ကောင်းသွားလည်းခဏပါပဲ၊ ပျော်လည်းခဏ၊ ပြန်ပြီးစိတ်ဆင်းရဲစရာ ကြုံရတာပဲ။ ချမ်းသာတစ်လှည့်ဆင်းရဲတစ်လှည့်၊ မြင့်လိုက်နိမ့်လိုက် တက်လိုက်ကျလိုက်၊ ဒီဘဝပြီးနောက်ဘဝ၊ ဘဝအသစ်အသစ်တွေ လူဘဝရမယ်ချည်းလည်းမထင်ပါနဲ့။ ၃၁ ဘုံမှာ လူဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ ကျွန်တော်တို့အားလုံး ယခုဘဝမှာ လူလာဖြစ်တာက ယခင်ဘဝက ကောင်းကံတွေ ထူထောင်ခဲ့လို့။ ဒါကလည်း မပြောင်းလဲတဲ့ အမှန်တရား စသဖြင့် မြင်နေရပါမယ်။

ဒါဆိုရင် ဒုက္ခဆိုတဲ့အကျိုးတရားက ဘာကြောင့်ဖြစ်ရသလဲ။ သူ့ရဲ့အကြောင်းတရားက ဘာပါလဲ။ သမုဒယဆိုတဲ့ အမှန်သစ္စာတရားကြောင့်ပါပဲ။ လိုချင်မှုတွေများလို့ တပ်မက်မှုတဏှာရာဂတွေများလို့ဆိုတဲ့ အဖြေထွက်ပါတယ်။ တဏှာဆိုတဲ့ ဆာလောင်မှုက ချမ်းသာမှုကြောင့်လည်းဖြစ်၊ ဆင်းရဲမှုကြောင့်လည်းဖြစ်ရတယ်။ ချမ်းသာနေတော့လည်း ဆက်ပြီးလိုချင်တဲ့လောဘ၊ ဆင်းရဲတော့လည်း ဆင်းရဲမှုကလွတ်အောင် ရှာမှီးရှာဖွေရတဲ့ ပြုပြင်နေရတဲ့အကြောင်းတရားတွေ၊ တကယ်တော့လည်း အကြောင်းတရားတွေညီညွတ်ပေါင်းစုံလို့ဖြစ်ရတဲ့အကျိုးတရားများပါလားလို့ ဆင်ခြင်မိရပြန်တယ်။ ဒါကြောင့်လည်း ဒုက္ခကို ဖြစ်စေတဲ့ သမုဒယကိုပယ်ဖို့ လိုအပ်လာပြန်တယ်လို့ မြတ်စွာဘုရားက ဟောကြားထားခြင်းဖြစ်ပါတယ်။

ဆင်းရဲခြင်းကလွတ်အောင်၊ ဘဝတွေဆက်မဖြစ်အောင် ကိလေသာလည်းကင်း၊ ဝဋ်သုံးပါးမှလည်းကျွတ်အောင် ဆင်းရဲခြင်းချုပ်ငြိမ်းရာ တကယ့်အမှန် နိရောဓသစ္စာကို မြတ်စွာဘုရားက ဟောကြားထားတော်မူပြန်တယ်။ ထိုသစ္စာက နိဗ္ဗာန်အထိဆိုက်တဲ့ အရိယာတို့ရဲ့ သစ္စာတရားပါ။ ကျွန်တော်တို့ ပုထုဇဉ်တွေအဖို့မှာတော့ ဤသစ္စာလေးပါးတရားကို နာကြားခွင့်ရ၊ သင်ကြားခွင့်ရတဲ့ ရေးရေးလေးမျှသောဉာဏ်လေးရနေတဲ့ သစ္စဉာဏ်လေးနဲ့တင် ဝမ်းသာပီတိ ကျေနပ်နေရပါပြီ။ မြတ်စွာဘုရားကတော့ သစ္စာလေးပါးတရားအားလုံးကို တစ်ပါးစီ၊ တစ်ပါးစီမှာ အကြောင်းနဲ့အကျိုးဖြစ်ရာအမှန်၊ ကျင့်ရာအမှန်၊ ချုပ်ရာအမှန်ကို တိတိကျကျသိပြီးဖြစ်တဲ့အတွက် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် သုံးပါးလုံးပြည့်စုံပြီးပါပြီလို့ နာယူခွင့်ရခဲ့၍.. ဤအချက်ကား တန်ဖိုးရှိလွန်းလှပါတယ်။

## အသိ သတိနဲ့ ကြိုးစားကြည့်ကြစို့

ဒီလိုနဲ့ ကုသိုလ် ၊ အကုသိုလ်နဲ့ ကံ ကံရဲ့ အကျိုးကို သိလာတဲ့အခါ မိမိပြုလုပ်တိုင်း၊ ပြုလုပ်မိတိုင်းမှာ ကောင်းတာလုပ်မိအောင်ပဲ သတိထားရပါတော့မယ်။ ကိုယ်လုပ်တာကိုယ်ပြန်ရတာပဲလို့ သိလိုက်တဲ့အခါ မကောင်းတာကို မလုပ်ဖြစ်အောင် သတိထားလာရပါပြီ။ မကောင်းတာလုပ်တဲ့သူနဲ့ စိတ်ချင်းတူနေရင်တောင်၊ မကောင်းတာလုပ်ဖို့ တိုက်တွန်းမိခဲ့ရင်တောင် ကံမြောက်ပါတယ်၊ အကုသိုလ်ကံပါပဲ။ အကုသိုလ်အမှုပြုဖြစ်ရင် ကံမြောက်တယ်ဆိုတာ မသိလို့က များပါတယ်။ မသိတာက အဝိဇ္ဇာ၊ ဘာကို မသိတာလဲဆိုတော့ သစ္စာလေးပါး၊ ခန္ဓာငါးပါး၊ ရုပ်နမ်နှစ်ပါး၊ ကံ ၊ ကံရဲ့အကျိုး... စတဲ့တရားတွေကို မသိခြင်းကြောင့် ယခုဘဝ နောင်ဘဝတစ်ခုခုမှာ ပြုခဲ့မိတဲ့အကုသိုလ်ကံကို မလွဲမသွေပြန်ခံရမှာ သေချာပါတယ်။ ဒါကြောင့် တရားကိုသိဖို့နဲ့သတိရှိဖို့ အထူးလိုအပ်ပြန်ပါတယ်။

အထူးသဖြင့် လူ့ဘဝရခိုက်ခဏလေး ဘုရား၊ တရား၊ သံဃာနဲ့ကြုံခိုက် အခွင့်အရေးကိုလက်လွှတ်မခံဘဲ မကောင်းမှုဆို ရှောင်နိုင်အောင်၊ ကောင်းမှုဆို ဆောင်နိုင်အောင်၊ ကုသိုလ်မဖြစ်သေးရင်လည်း ဖြစ်လာအောင်၊ ဖြစ်ပြီးရင်လည်း တိုးပွားအောင်၊ မဖြစ်သေးတဲ့အကုသိုလ်ကို မဖြစ်အောင်၊ ဖြစ်ပြီးတဲ့ အကုသိုလ်ကို လျှော့ပါးအောင် ကြိုးစားကြည့်ကြပါစို့လား.. ဓမ္မမှာ ကြိုးစားမှုဆိုတာ ဝီရိယနဲ့ အားထုတ်ရတာပါ၊ နေ့စဉ်လုပ်ငန်းဆောင်တာ ဘာပဲလုပ်လုပ် မိမိဆီကထွက်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတိုင်းမှာ အကုသိုလ်မဖြစ်မိအောင်သတိထားနေခြင်းကပင် ကျင့်နေခြင်းမည်ပါတယ်။ အထူးသဖြင့် သတိကြောင့်သာ ကုသိုလ်ဖြစ်နေတာ။ ပုထုဇဉ်တွေမို့ အကုသိုလ်ကံလေး တွေးမိ ၊ ပြောမိ၊ လုပ်မိရင်တောင် အကုသိုလ်ကိုအကုသိုလ်ဖြစ်မှန်း ချက်ချင်းသိတဲ့အခါမှာ ကုသိုလ်ဖြစ်သွားတာသည်လည်း သတိဆိုတဲ့တရားကြောင့်ပါ။

> ❛ အထူးသဖြင့် လူ့ဘဝရခိုက်ခဏလေး ဘုရား၊ တရား၊ သံဃာနဲ့ကြုံခိုက်အခွင့်အရေးကို လက်လွှတ်မခံဘဲ မကောင်းမှုဆို ရှောင်နိုင်အောင်၊ ကောင်းမှုဆို ဆောင်နိုင်အောင်၊ ကုသိုလ်မဖြစ်သေးရင်လည်း ဖြစ်လာအောင်၊ ဖြစ်ပြီးရင်လည်းတိုးပွားအောင်၊ မဖြစ်သေးတဲ့အကုသိုလ်ကို မဖြစ်အောင်၊ ဖြစ်ပြီးတဲ့ အကုသိုလ်ကို လျှော့ပါးအောင် ကြိုးစားကြည့်ကြပါစို့လား..ဓမ္မမှာကြိုးစားမှုဆိုတာ ဝီရိယနဲ့ အားထုတ်ရတာပါ၊ နေ့စဉ်လုပ်ငန်းဆောင်တာ ဘာပဲလုပ်လုပ် မိမိဆီကထွက်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတိုင်းမှာ အကုသိုလ်မဖြစ်မိအောင် သတိထားနေခြင်းကပင် ကျင့်နေခြင်းမည်ပါတယ် ❜

## ကြိုးစားကြည့်ပါ ဘာဝနာ

ဒါကြောင့် ကျွန်တော်တို့တစ်တွေ အကုသိုလ်ကံတွေကို ကုသိုလ်ကံနဲ့ဖြတ်နိုင်အောင် ကြိုးစားကြစေလိုပါတယ်။ မကောင်းတဲ့ အာရုံကိုခွာပြီး ကောင်းတဲ့အာရုံနဲ့အစားထိုးနိုင်အောင် ကြိုးစားရင်ရပါတယ်၊ သမာဓိပေါ့၊ အာနာပါနသမာဓိ၊ ကာယဂတာသတိ၊ မေတ္တာကမ္မဋ္ဌာန်း စသည်ဖြင့်ပါ၊ သမာဓိစွမ်းအားက ကိုယ်မှာဖြစ်တဲ့ဒုက္ခ၊ စိတ်မှာဖြစ်တဲ့ဒေါသအမှုကို လျှော့အောင်ပါးအောင်၊ သုခဆိုတဲ့ ကိုယ်မှာဖြစ်တဲ့ သာယာမှု၊ သောမနဿဆိုတဲ့ စိတ်မှာဖြစ်တဲ့ ကျေနပ်ဝမ်းမြောက်မှုများ အလွန်အမင်းမဖြစ်အောင် ဆောင်ယူပေးပါတယ်။ ထိုသမာဓိစွမ်းအား အလွန်ကြီးသွားရင် တရားဆိုးတွေကို ပယ်နိုင်တဲ့အထိ အကျိုးပေးပါတယ်။ မိမိမှာရှိနေတဲ့ မကောင်းတဲ့ အတွေးတွေကို လျှော့ပါးစေတဲ့သမာဓိစွမ်းအားကြောင့် သတိဆိုတဲ့တရား အားကောင်းလာပါလိမ့်မယ်။

စာမျက်နှာ ၁၂ သို့ ✻

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၉-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၈-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀)နာရီမှ (၁၉-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄) နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် ၅၄ ဦး ရှိခဲ့ပြီး ၎င်းတို့အနက် ခုနစ်ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၉-၇-၂၀၂၄) ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ ၈၄ ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဘီးလင်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသ



**ဘီးလင်း ဇူလိုင် ၁၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြသ ခြင်းကို ဇူလိုင် ၁၇ ရက်က ကျောက်ရေတွင်းကျေးရွာ ကွင်းအမှတ် (၂၆၉-က) တောင်သူ ဦးကျော်ဇင်လတ်၏ လယ်ကွင်း၌ ပြုလုပ်ခဲ့သည်။

**တက်ရောက်ကြည့်ရှု**

အဆိုပါ ကောက်စိုက်စက်ဖြင့် ကွင်းသရုပ်ပြသပွဲသို့ ဘီးလင်း မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုခဲ့ပြီး တောင်သူများအား စိုက်ပျိုးရေးစနစ်များ ကောင်းမွန်လာစေရေး၊ လုပ်သားချွေတာပြီး လုပ်ငန်းတွင်ကျယ်လာစေရေး၊ လိုအပ်သော နည်းပညာ ပေါင်းစပ်ပေးနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်ဦးက ကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးခြင်းကြောင့် မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ အလုပ်သမား ရှာဖွေရသည့် အခက်အခဲ လျော့ကျခြင်း၊ သက်သောင့်သက်သာ စိုက်ပျိုးနိုင်ခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်း ကောင်းမွန်ခြင်း စသော အကျိုးကျေးဇူးများရရှိ၍ တောင်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကွင်းသရုပ် စိုက်ပျိုးပြသခြင်းဖြစ်ကြောင်း တောင်သူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မအူပင်တက္ကသိုလ်၌ ကာယအလှမယ်ပြိုင်ပွဲနှင့် ဂီတပဒေသာပွဲ ကျင်းပ

**မအူပင် ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင် တက္ကသိုလ်တွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်၊ ကာယအလှမယ် ပြိုင်ပွဲနှင့် ဂီတပဒေသာပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်က အဆိုပါ တက္ကသိုလ်ရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် မအူပင် တက္ကသိုလ်ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာနီနီဦးက အဖွင့် အမှာစကား ပြောကြားသည်။




ဆက်လက်၍ဘာသာရပ်အသီးသီးမှ ရွေးချယ်ထားသော ဝါသနာရှင် ကာယအလှမယ်လေးများအား ပြိုင်ပွဲနှင့် ဆန်ခါတင်ယှဉ်ပြိုင်ခြင်းများ ကျင်းပသည်။ ၎င်းနောက် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသည့် ကာယအလှမယ်များအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး အကဲဖြတ်ဒိုင်များအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊အညစ်အကြေး မြေဩဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ-**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန် ၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
  - ရေကို ကျိုချက်၍သောက်သုံးပါ။
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုခံယူရန် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ပြည်သူ့ဆေးရုံများသို့သွားရောက်ပြသပါ။

ဇူလိုင်၊ ၂၀၂၄

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❊ စာမျက်နှာ ၁၁ မှ

သမထဘာဝနာကရလာတဲ့ ထိုသတိတရားကြောင့် ကိုယ့်စိတ်ကိုယ်ကို တဖြည်းဖြည်းနိုင်လာတဲ့အခါ အာရုံတွေအပေါ် ဘယ်အာရုံလာလာ ဥပေက္ခာပြုလာနိုင်ပါတယ်၊ လျစ်လျူရှုလာနိုင်ပါမယ်၊ ဥပေက္ခာဆိုတာ လောကဓံကို ခံနိုင်ရည်ရှိလာတာပါ။ အဆိုးအပေါ်မှာလည်း စိတ်မဆိုးဝမ်းနည်းခြင်းမဖြစ်၊ အကောင်းအပေါ်မှာလည်း မသာယာမတပ်မက်၊ ဟိုဘက်ဒီဘက်ဘယ်ဘက်မှမလိုက်၊ လောဘဒေါသကို အမောဟဆိုတဲ့ ဉာဏ်ကဦးစီးနေတဲ့အတွက် အလောဘ၊ အဒေါသဖြစ်လာတဲ့သဘောပါပဲ။လောဘဒေါသ မောဟဦးစီးသော အညစ်အကြေးများ ကင်းရှင်းနေခြင်းက စင်ကြယ်သော စိတ်ဖြစ်နေပါတယ်။ စင်ကြယ်မှုက ဖြူစင်မှုကိုပေးပြီး မိမိပတ်ဝန်းကျင်မှာပါ ဖြူစင်တဲ့ စိတ်ထားတွေ ပွားများလာခြင်းက ငြိမ်းချမ်းခြင်းကိုဖြစ်စေပါတယ်၊ အေးချမ်းမှုကိုရရှိစေပါတယ်။

တစ်ဦးချင်းစီမှာ အေးချမ်းမှုတွေ ပျံ့နှံ့နိုင်သမျှ ပျံ့နှံ့အောင် ဖြန့်ကြက်နိုင်ရင် လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ ငြိမ်းချမ်းသာယာမှုကိုပါ ရရှိနိုင်သွားပါတယ်။ သမထချည်းပဲလားဆိုတော့လည်း.. ဝိပဿနာစွမ်းအားကိုပါ ကျင့်ကြံအားထုတ်နိုင်ရင်တော့ ပိုကောင်းပါတယ်။ သမာဓိက အာရုံတစ်ခုတည်းအပေါ်မှာ မှတ်နေပေမယ့်လည်း ဝိပဿနာကတော့ ကြုံလာတဲ့ အာရုံအားလုံးကို ရင်ဆိုင်ပစ်လိုက်တာပါ။ အာရုံတွေအပေါ်မှာ ဘာမှမမြဲ အနိစ္စ၊ ဖြစ်ပြီးရင်လည်းပျက် အဖန်ဖန်ဖြစ်ပျက်နေတာချည်းဆိုတော့ ဒုက္ခ၊ ဘာမျှကိုယ့်သဘောအတိုင်းမဖြစ်တဲ့ အစိုးမရ အတ္တမဖြစ်တဲ့ အနတ္တ စတဲ့လက္ခဏာရေးသုံးပါးကို ထပ်တလဲလဲ ရှုမှတ်ဆင်ခြင်နိုင်ရင်တော့ အမှန်က ငါတို့ဟာ ဘာမှ မဟုတ်ပါလား၊ မြဲတယ်ဆိုတာမရှိပါလား၊ ဘာမှလည်းအစိုးမရပါလားဆိုပြီး နောက်ဆုံးမှာ သံဝေဂယူနိုင်သွားပါလိမ့်မယ်။

အချုပ်အားဖြင့်တော့ ဤဝါဆိုလမြတ်အခါသမယကိုအခွင့်ယူကာ မိမိဘဝရှင်သန်နေသမျှကာလပတ်လုံး ထိုဒေသနာတော်ကြီးကို မပြတ်ရွတ်ဖတ်စေချင်ပါတယ်။ သစ္စာလေးပါးကိုလည်း ဆင်ခြင်စေလိုပါတယ်။ ရတနာသုံးပါးနဲ့တကွ ဘယ်သူ့ဘယ်သူကိုမှအပြစ်တင်မစောမိစေမယ့် ကံ၊ ကံရဲ့ အကျိုးတွေကိုလည်းသံဝေဂယူစေချင်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အားလုံး ယခုလို စက်ဆုပ်ဖွယ် ကြုံရဆုံရကပ်ဘေးအထွေထွေကို ရင်ဆိုင်နိုင်ရေး တတ်နိုင်သမျှ ဖယ်ရှားနိုင်ရေးအတွက် ကိုယ့်ဘဝကို ကိုယ်ပြုပြင်နိုင်အောင် ဦးစွာ ကြိုးစားနေရခြင်းဖြစ်ပါတယ်။

ထို ထိုသောဘဝကသာ အဓိပ္ပာယ်ရှိတဲ့ဘဝလို့ ဆိုထိုက်တဲ့အတွက်ပါ။ အမှန်တရားရှိမှသာ အဓိပ္ပာယ်ပြည့်ဝတဲ့ဘဝရရှိလာမှာဖြစ်တဲ့အတွက် မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကို နာယူမှတ်သား သင်ယူနိုင်အောင် အားထုတ်ကြပါစို့လား။ သင်ရုံနဲ့ မပြီး၊ ကျင့်လည်းကျင့်ကြံ ရပါမယ်၊ ကျင့်မှသာ တရားကို အမှန်သိပါမယ်၊ အမှန်သိမှသာ တကယ်တရားရှိသူလို့ခေါ်နိုင်မှာ ဖြစ်ပါကြောင်း မေတ္တာနဲ့ မျှဝေပူဇော်လိုက်ရပါတယ်။ ။

# ရီပတ်ဘလစ်ကန်ပါတီ၏ ကိုယ်စားလှယ်လောင်းအဖြစ် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် အား ခန့်အပ်

**ဝါရှင်တန် ဇူလိုင် ၁၉**

နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲအတွက် ရီပတ်ဘလစ်ကန်ပါတီ၏ ကိုယ်စားလှယ်လောင်းအဖြစ် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်ကို ယမန်နေ့က တရားဝင်ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၈ ရက်တွင် ဝစ်ကွန်ဆင်းပြည်နယ် မီဝါကီမြို့၌ ရီပတ်ဘလစ်ကန် အမျိုးသားညီလာခံ၏ နောက်ဆုံးနေ့တွင် ထရမ့်က မိန့်ခွန်းပြောကြားခဲ့သည်။ ဇူလိုင် ၁၃ ရက်က ၎င်းအားလုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုနောက်ပိုင်း ပထမဆုံး လူသိရှင်ကြား ပြောကြားသည့် မိန့်ခွန်းဖြစ်သည်။

လူ့အဖွဲ့အစည်းအတွင်း သဘောထားကွဲလွဲမှုများကို လျင်မြန်စွာ ကုစားရမည်ဖြစ်ကြောင်း ထရမ့်က ပြောသည်။

အမေရိကန်နိုင်ငံသားအားလုံး၏ အကျိုးစီးပွားအတွက် သမ္မတဖြစ်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ထရမ့်က ထပ်လောင်းပြောသည်။

ထရမ့်အားလုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုပြီးနောက် အဆိုပါမိန့်ခွန်းကို ပြန်လည်ရေးသားခဲ့ရကြောင်း ထရမ့်၏ မဲဆွယ်စည်းရုံးရေး အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

သမ္မတ ဂျိုးဘိုင်ဒင်သည် ၎င်း၏ ရွေးကောက်ပွဲမဲဆွယ်မှုကို အဆုံးသတ်ရန် ဖိအားများနှင့် ရင်ဆိုင်နေရချိန်တွင် သမ္မတထရမ့်သည် ၎င်း၏ သမ္မတဖြစ်ရေး အရှိန်အဟုန်မြှင့်တင်ရန် မျှော်လင့်ချက်ဖြင့် အမေရိကန်နိုင်ငံသားများကို ကြိုးပမ်းစည်းရုံးလျက်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။ **ကိုးကား–အင်န်အိတ်ချ်ကေ ဘာသာပြန် – အောင်ကျော်ကျော်**



# ကမ္ဘာ့နိုင်ငံအများအပြား၌ နည်းပညာကွန်ရက်ပြတ်တောက်မှုဖြစ်ပွား

**လန်ဒန် ဇူလိုင် ၁၉**

ကမ္ဘာ့နိုင်ငံအများအပြားတွင် ယနေ့နံနက်ပိုင်း၌ နည်းပညာကွန်ရက်ပြတ်တောက်မှုကြောင့် ဘဏ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စတော့အိတ်ချိန်းဈေးကွက်များ၊ လေဆိပ်များ၊ ဘူတာရုံများနှင့် လုပ်ငန်းအများအပြား လုပ်ငန်းဆောင်ရွက်မှုနှောင့်နှေးခဲ့ရကြောင်း သိရသည်။

ယခုကဲ့သို့ နည်းပညာကွန်ရက်များပြတ်တောက်ရခြင်းသည် CrowdStrike ဟု အမည်ရသည့်အမေရိကန်ဆိုက်ဘာလုံခြုံရေးကုမ္ပဏီမှ ထုတ်လုပ်သည့် ကမ္ဘာ့နိုင်ငံအများအပြားသုံး ကွန်ပျူတာဗိုင်းရပ်စ်ကာကွယ်သည့် Falcon antivirus software အား အဆင့်မြှင့်တင်ရာမှ ချို့ယွင်းမှုဖြစ်ပွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယခုဖြစ်စဉ် အတွင်း ဗြိတိနိုင်ငံရှိ စကိုင်းနယူးစ်သတင်းဌာနမှ ကွန်ပျူတာများ တစ်နာရီကြာ စက်ချို့ယွင်းမှုကြောင့် လုပ်ငန်းများနှောင့်နှေးခဲ့ရကာ လန်ဒန်စတော့အိတ်ချိန်း၏ လုပ်ငန်းများ နှောင့်နှေးခဲ့ရပြီး ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ လေဆိပ်တွင် လေယာဉ်ခရီးစဉ်အချက်အလက်ပြ အီလက်ထရွန်နစ်ဆိုင်းဘုတ်မှာ




ရပ်ဆိုင်းခဲ့သောကြောင့် လေဆိပ်လုပ်ငန်းများ နှောင့်နှေးခဲ့ရသည်။ ထို့ပြင် ဩစတြေးလျနေသဟာယဘဏ်တွင် ယင်းဖြစ်စဉ်ကြောင့် ငွေသွင်း၊ ငွေထုတ်ပြုလုပ်သူများလုပ်ငန်း နှောင့်နှေးမှုဖြစ်ခဲ့သည်။

ယင်းဖြစ်ရပ်ကြောင့် စင်ကာပူနိုင်ငံရှိချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည်ထွက်ခွာမှုစစ်ဆေးရေးလုပ်ငန်းများကို ကွန်ပျူတာဖြင့် မဆောင်ရွက်နိုင်ဘဲ လုပ်ငန်းများနှောင့်နှေးခဲ့ရ သည်။ ထို့ပြင် စင်ကာပူနိုင်ငံရှိ စထရိတ်တိုင်းစ် သတင်းစာကဲ့သို့သော မီဒီယာလုပ်ငန်းများမှာ ယခုဖြစ်စဉ်ကြောင့် လုပ်ငန်းများနှောင့်နှေးခဲ့ရသည်။ ဂျာမနီ၊ မလေးရှား၊ ဗြိတိန်၊ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံများရှိ လေဆိပ်များတွင် ကွန်ပျူတာများ ချို့ယွင်းမှုဖြစ်ပွားခဲ့သဖြင့် လုပ်ငန်းများ ကြန့်ကြာခဲ့ရသည်။

ဆွစ်ဇာလန်နိုင်ငံရှိ ဇူးရစ်လေဆိပ်တွင်လည်း နည်းပညာကွန်ရက်များ ပြတ်တောက်ကာ ဆိုက်ရောက်မည့်လေယာဉ်များအား လက်ခံနိုင်ခြင်း မရှိကြောင်း သိရသည်။

ခရီးသည်များအနေဖြင့် ခရီးစဉ်နှောင့်နှေးမှုများအတွက် သည်းခံစောင့်ဆိုင်းရန်နှင့် လေကြောင်းလိုင်းများအား တိုက်ရိုက်ဆက်သွယ်ရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

အမေရိကန်နိုင်ငံတွင်လည်း နည်းပညာကွန်ရက်ပြတ်တောက်မှုကြောင့် ယူနိုက်တက်လေကြောင်းလိုင်းနှင့် ဒယ်လ်တာလေကြောင်းလိုင်းများ၏ ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။ တောင်ကိုရီးယားနိုင်ငံတွင် အထက်ပါဖြစ်စဉ်ကြောင့် လေယာဉ်လက်မှတ်များအား အွန်လိုင်းမှ ရောင်းချခြင်းလုပ်ငန်းကို ရပ်ဆိုင်းခဲ့ရသည်။ ထို့ပြင် နိုင်ငံအတွင်းရှိ ဆေးရုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများရပ်ဆိုင်းခဲ့သည်။

**ကိုးကား– အင်န်အိတ်ချ်ကေ ဘာသာပြန်–စိုးသူရ**

# အရှေ့တောင်အာရှ၏ အကြီးဆုံး မော်တော်ကားပြပွဲ အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပ

**ပေကျင်း ဇူလိုင် ၁၉**

အရှေ့တောင်အာရှ၏ အကြီးဆုံးမော်တော်ကားပြပွဲကို အင်ဒိုနီးရှားနိုင်ငံ၌ ယမန်နေ့က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းမှ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများသည် အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံး မော်တော်ကားပြပွဲကို တက်ရောက်ကြပြီး ၎င်းတို့၏ လျှပ်စစ်ကားများကို ပြသလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဈေးကွက်ဝေစု မြင့်မားသော ဂျပန်ကားထုတ်လုပ်သည့်ကုမ္ပဏီများနှင့် အာရှနှင့် ဥရောပမှ မော်တော်ကားကုမ္ပဏီများလည်း ပါဝင်ကြောင်း သိရသည်။

အင်ဒိုနီးရှားသည် လျှပ်စစ်ကားနှင့် ဆက်စပ်စက်မှုလုပ်ငန်းများအတွက် ထုတ်လုပ်မှုဗဟိုချက်ဖြစ်လာရန် ကြိုးပမ်းလျက်ရှိသည်။ တောင်ကိုရီးယား ဟွန်ဒိုင်းကားကုမ္ပဏီသည် ယခုလအစောပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ၌ ဘက်ထရီဆဲလ်များကို စတင်ထုတ်လုပ်ခဲ့သည်။

အဆိုပါ ဘက်ထရီဆဲလ်များကို အသုံးပြုပြီး လျှပ်စစ်ကားများကို လာမည့်လမှစပြီး စတင်ရောင်းချရန် ရည်မှန်းထားကြောင်း ဟွန်ဒိုင်းကုမ္ပဏီက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ထိပ်တန်းလျှပ်စစ်ကားကုမ္ပဏီ ဘီဝိုင်ဒီသည် အင်ဒိုနီးရှားနိုင်ငံ၌ မော်တော်ယာဉ်များကို ၂၀၂၆ ခုနှစ်တွင် စတင်ထုတ်လုပ်လိုကြောင်း ပြောကြားသည်။

ဗီယက်နမ်၏ ဗင်ဖက်စ်ကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံ၌ လျှပ်စစ်ကားထုတ်လုပ်ရေး စက်ရုံကို စတင်တည်ဆောက်နေပြီဖြစ်သည်။ လာမည့်နှစ်တွင် စတင်လည်ပတ်ရန် မျှော်လင့်ထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကမ္ဘာ့အကြီးဆုံး နီကယ်သတ္တုအရန်များရှိသည်။ နီကယ်သည် လျှပ်စစ်ကားများအတွက် ဘက်ထရီထုတ်လုပ်ရန် အဓိကပစ္စည်းဖြစ်သည်။ အစိုးရသည် ၎င်း၏ကိုယ်ပိုင်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၂၀ ပြည့်နှစ်တွင် နီကယ်ကုန်ကြမ်းတင်ပို့မှုကို တားမြစ်ခဲ့သည်။

မော်တော်ကားထုတ်လုပ်သူများကလည်း အင်ဒိုနီးရှားသည် ၎င်း၏ လျှပ်စစ်ကားထုတ်လုပ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းကိုမြှင့်တင်ရန် ကူညီပေးမည်ဖြစ်ပြီး နိုင်ငံတွင်းထုတ်လုပ်သူများကြား ပြိုင်ဆိုင်မှုကို အရှိန်မြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ ဘာသာပြန် – အောင်ကျော်ကျော်**

# သီရိလင်္ကာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ရေး ချေးငွေပေးအပ်

**ကိုလံဘို ဇူလိုင် ၁၉**

သီရိလင်္ကာနိုင်ငံတွင် သမ္မတ ရာနေဝစ်ကရာမာဆင်းဂါး၏ ဦးဆောင်မှုဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပြန်လည် ရှင်သန်ရေးအတွက် ချေးငွေပေးအပ်သည့် အစီအစဉ်ကို ယမန်နေ့ကစတင်ဆောင်ရွက်ခဲ့ကြောင်း သမ္မတရုံး မီဒီယာဌာနက ပြောကြားသည်။

ယခုပေးအပ်သည့်ချေးငွေတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန်နှင့် လုပ်ငန်းသုံးအထွေထွေချေးငွေများပါဝင်ကြောင်း သိရသည်။ ယခုချေးငွေပေးအပ်ရာတွင် လိုင်စင်ရ ကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့် အခြားဘဏ်များက သင့်တော်သည့် အတိုးနှုန်းဖြင့် ထုတ်ချေးခြင်းဖြစ်သည်။ အများဆုံး ခွင့်ပြုချေးငွေပမာဏ ရူပီး ၁၃ ဘီလီယံအထိ ထုတ်ချေးမည်ဖြစ်ပြီး အတိုးနှုန်း ၇ ရာခိုင်နှုန်းသတ်မှတ်ထားသည်။ သတ်မှတ်အရည်အချင်းပြည့်မီသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ချေးငွေထုတ်ပေးရန် ထောက်ခံစာကို စက်မှုဝန်ကြီးဌာနက ထုတ်ပေးမည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန်– စိုးသူရ**

# ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်မြင့်တက်

**တိုကျို ဇူလိုင် ၁၉**

ဂျပန်နိုင်ငံရှိ ဆေးခန်းများတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ လူနာများအများအပြားလာရောက်ပြသကြကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

တိုကျိုမြို့ ရှင်ဂျူကုရပ်ကွက်ရှိ ဆေးခန်းတစ်ခုတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁ ဦးကို တွေ့ရှိခဲ့သည်။ ယင်းတို့အနက်မှ အသက် ၄၀ အရွယ်ရှိ အမျိုးသားတစ်ဦးမှာ အပူချိန် ၃၈ ဒီဂရီအထိ မြင့်တက်ခဲ့ပြီး လည်ချောင်းနာခဲ့ရာမှ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်းတွေ့ရှိခဲ့သည်။

နိုင်ငံတစ်ဝန်း ပျမ်းမျှကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်သည် ပြီးခဲ့သည့်သီတင်းပတ်များကထက် ၁ ဒသမ ၃၉ ဆ ပိုမိုများပြားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လက်ရှိအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းမှ ကာကွယ်ရေးအတွက် လက်မကြာခဏဆေးခြင်းနှင့် နှာခေါင်းစည်းဝတ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ **ကိုးကား–အင်န်အိတ်ချ်ကေ ဘာသာပြန်–စိုးသူရ**

# ထားဝယ်မြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ထားဝယ် ဇူလိုင် ၁၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီက ထားဝယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပြောကြား

ဆွေးနွေးပွဲတွင် ထားဝယ်မြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထက်နောင်က အခွန်ထမ်းများအနေဖြင့် တာဝန်သိသိလိုလားစွာဖြင့် အခွန်ပေးဆောင်စေရန်နှင့် အခွန်ထမ်းမဖြစ်သေးသူများအား အခွန်ထမ်းဖြစ်လာစေရေး တိုးချဲ့ဆောင်ရွက်ရန်လည်းလိုအပ်ကြောင်း၊ စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းနှင့် ရွှေဆိုင်များမှ ပြေစာများထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။



ထို့နောက် ထားဝယ်မြို့နယ်အခွန်ဦးစီးမှူး ဦးတင်ထွန်းရွှေက ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်အကြောင်းသိကောင်းစရာများအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ထားဝယ်မြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၉

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့်တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ မန္တလေးမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် KARGO Dry Charged Battery ၁၁၃ လုံး၊ DAEWOO Cut off Saw ၆၂ လုံး အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး(ခန့်မှန်း တန်ဖိုးငွေကျပ် ၅၆၁၅၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Van နှစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀၀၀၀)စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၂၁၅၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဇူလိုင် ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆို စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူ ၁၀ ကီလိုဂရမ်ပါ အိတ် ၁၀၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀)စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၁၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Cycle Tube အခု ၂၀၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၇၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ တရားမဝင် သစ်ခုတ်ရာတွင် အသုံးပြုသည့် သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ တစ်စုံ စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၃၃၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၀၆၈၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၂၆၄၈၆၈၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

### ☆ အာရှချန်ပီယံလိဂ်မှ

မြန်မာအမျိုးသမီးကလပ် မြဝတီအသင်းသည် ခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး အုပ်စုမဲခွဲရာတွင် အုပ်စု(က)သို့ ကျရောက်ခဲ့သည်။ ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုပွဲများကို ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုမဲခွဲမှုအရ အုပ်စု(က)တွင် မြဝတီ(မြန်မာ)၊ Young Elephants(လာအို)၊ အဘူဒါဘီ(ယူအေအီး)၊ အယ်လ်နာဆာ(ဆော်ဒီအာရေဗျ)၊ အုပ်စု(ခ)တွင် အိုဒီရှာ(အိန္ဒိယ)၊ Lion City Sailors(စင်ကာပူ)၊ အီတီဟတ်(ဂျော်ဒန်)၊ အုပ်စု(ဂ)တွင် PFC Nasaf (ဥဇဘက်ကစ္စတန်)၊ ဆာဘား(မလေးရှား)၊ APF (နီပေါ)၊ အုပ်စု(ဃ)တွင် ဘမ်ခါတွန်(အီရန်)၊ ကစ်ချီ(ဟောင်ကောင်)နှင့် Royal Thimphu College(ဘူတန်)တို့ ပါဝင်သည်။

**အောက်တိုဘာလတွင် ကျင်းပမည်**

နောက်ဆုံးအဆင့် အုပ်စုပွဲများကို ယခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ပြီး အုပ်စုသုံးခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ မြန်မာကလပ် မြဝတီအသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက နောက်ဆုံးအဆင့် အုပ်စု(က)သို့ ကျရောက်မည်ဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုမဲခွဲမှုအရ အုပ်စု(က)တွင် ဝူဟန်(တရုတ်)၊ ဟွန်ဒိုင်း(တောင်ကိုရီးယား)၊ ခြေစစ်ပွဲအုပ်စု(ဂ)မှ ပထမရအသင်း၊ ခြေစစ်ပွဲအုပ်စု(က)မှ ပထမရအသင်း၊ အုပ်စု(ခ)တွင် မဲလ်ဘုန်းစီးတီး(ဩစတြေးလျ)၊ ကာယာ(ဖိလစ်ပိုင်)၊ College of Asian Scholars(ထိုင်း)၊ ခြေစစ်ပွဲ အုပ်စု(ဃ)မှ ပထမရအသင်း၊ အုပ်စု(ဂ)တွင် အူရာဝါရက်ဒိုင်းမွန်း(ဂျပန်)၊ ဟိုချီမင်းစီးတီး(ဗီယက်နမ်)၊ Taichung Blue Whale (တရုတ်တိုင်ပေ)၊ ခြေစစ်ပွဲအုပ်စု(ခ)မှ ပထမရအသင်းတို့ ပါဝင်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-AFC

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၇-၂၀၂၄ စနေနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေါရွဲသုတ်)
- ၀၆:၃၅ ကောင်းကင်မှာထွန်းတောက်နေတဲ့သာသနာ့ အာဇာနည်တိပိဋကပါဠိပါရဂူ ဗွေဖြစ် တိပိဋကရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်တန္တွ သီလက္ခန္ဓာဘိဝံသ၏ထေရုပ္ပတ္တိ(ဒုတိယပိုင်း)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၀ "လမ်းလယ်လျှောက်နိဗ္ဗာန်ရောက်" တရားတော်
- ၀၈:၄၀ ဝါဆိုလအခါတော်မိကောင်းမှုကုသိုလ်တည်
- ၀၉:၁၅ နဝင်္ဂဥပါသကာသီလပေးတရားတော်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၀၀ ချစ်စရာ့အရှယ်ကစားကြမယ်
- ၁၁:၄၅ ခံတွင်းမြိန်စရာသူ့လက်ရာ 'တပ်ကုန်းမြို့က ငှက်ပျောဖူးထမင်းချဉ်သုပ်'
- ၁၂:၃၀ "ဘဝကိုခြယ်ကံနှစ်သွယ်" တရားတော်
- ၁၃:၃၀ MRTV National News
- ၁၆:၅၀ ပုံပြင်ကမ္ဘာအစီအစဉ် 'ညီအစ်ကိုနှစ်ယောက်'
- ၁၇:၂၀ သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ ဓမ္မစကြာတရားတော်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း-၁၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ(ဇာတ်တော်ကြီးပြိုင်ပွဲ)(ဝါသနာရှင်(ပထမတန်း)အဆင့်) (ဒုတိယဆု) 'မဟော်သဓာဇာတ်တော်ကြီး' (ရန်ကုန်တိုင်းဒေသကြီး)(ပထမပိုင်း)

**mitv**

- 07:02 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
- 07:09 Weekly Review
- 07:25 Maravijaya Buddha Park New Milestone in History (1)
- 07:46 Myanmar Family Life: Family Duties
- 08:01 News
- 08:26 Beach Food Delivery
- 08:36 Waso or the Buddhist Lent
- 08:42 Kay Tu Mar Lar "The Decision"
- 08:57 International Chess Day (20th July)
- 09:01 Quiz Time (Ep-42)
- 10:01 News
- 10:26 Children's Delight: Twelve Seasonal Festivals in Myanmar (Waso Month)

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်နော် (ဆွေမျိုးတော်စပ်ပုံ)(အပိုင်း-၃)

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
လူငယ်နှင့်လူ့ပတ်ဝန်းကျင်(အပိုင်း-၇)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
စနိုးပွဲတင်း

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ဖားဆောင်းမြို့နယ်အတွင်းရှိအဆင့်မြင့်မော်ချီးသတ္တုတွင်း

**ပအိုဝ်းကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ရာဇဝင်ထဲကရွာလေးတစ်ရွာ

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
လမြတ်ဝါဆို

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ဖားစည်မြေမှရိုးရာအလှ (အပိုင်း-၂)

**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ချင်းရိုးရာကြက်သားသုပ်

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
နိုင်ငံစီးပွားအကျိုးပြု မွန်ပြည်နယ်ရော်ဘာထုတ်လုပ်မှု

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ငှက်ပျောရွက်ကျွန်းမာရေးအသုံးဝင်ပုံ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၁၅ Bird's Eye View
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါဏ်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၉)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၃၀ စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက်ရေသည်အသက် ရေသည်ရိက္ခာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၇:၁၅ ဝါဆိုလပြည့်နေ့(ဓမ္မစကြာနေ့)တရားတော်
- ၁၈:၀၀ ချွန်စက်(ဇာတ်လမ်း)
- ၂၂:၀၀ Satyprem (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ Football Highlight
- ၀၆:၄၅ ဘောလုံးကစားသမား MBAPPE အကြောင်း
- ၀၇:၄၀ Soccer View
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၄၅ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Rakhine United FC VS Mahar United FC

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇူလိုင် ၁၉

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့နယ် ရွှေကျောင်းပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကာ ပြည်နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္ကနှင့် ပြည်နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တသီဟနန္ဒတို့အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီး သာသနာရေးဆိုင်ရာများအား လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ရွှေကျောင်းပရိယတ္တိစာသင်တိုက်အတွင်းရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်ဆောင်ရွက်မှုကြောင့် ပျက်စီးသွားသည့် သာသနိကအဆောက်အအုံများနှင့် မင်းကျောင်းပရိယတ္တိစာသင်တိုက်၌ ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် သံဃာဆောင်များနှင့် တိုးချဲ့ဆွမ်းစားဆောင်တို့အား ပြန်လည်ပြုပြင် ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

လွိုင်ကော်မြို့နယ်အတွင်း ဆက်သွယ်မှုစနစ်များ ပိုမိုကောင်းမွန်စေရေးအတွက် ဆက်သွယ်ရေးတာဝါတိုင်များ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ဆက်သွယ်ရေးတာဝါတိုင် ၁၀ တိုင်ကို အသုံးပြုနိုင်ပြီဖြစ်ပြီး ကျန်ရှိသော တာဝါတိုင်များအား ပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မင်းစုရပ်ကွက်အတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး စကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့မှ တောင်ကြီးမြို့သို့ ပြေးဆွဲမည့် မော်တော်ယာဉ်လိုင်းများ၏ ယာဉ်စုရပ်နေရာသို့သွားရောက်၍ ခရီးသွားပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။ ယခုအခါ



လွိုင်ကော် – ဆီဆိုင် – တောင်ကြီးသို့ မော်တော်ယာဉ်လိုင်းခုနစ်လိုင်း ပြေးဆွဲနိုင်ပြီဖြစ်ပြီး ကျန်ရှိသည့် မော်တော်ယာဉ်လိုင်းများအား ထပ်တိုးပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နောင်ယား(က)ရပ်ကွက်ရှိ စုပေါင်းဝန်ထမ်းအိမ်ရာ အဆောက်အအုံများအား သွားရောက်၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ဘားအံမြို့နယ်၌ အခမဲ့စက်ချုပ်သင်တန်း ဖွင့်လှစ်

ဘားအံ ဇူလိုင် ၁၉

ကရင်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ အခမဲ့စက်ချုပ်သင်တန်းကို ဘားအံမြို့နယ် မုက္ကဒိကျေးရွာ၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးအောင်ခန့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး ဒုတိယပြည်နယ်ဦးစီးမှူးက အသေးစား ကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေးစီမံကိန်းကော်မတီဝင်များအား စီမံကိန်းဝတ်စုံများ ပေးအပ်သည်။

အဆိုပါစက်ချုပ်သင်တန်းကို ဇူလိုင် ၁၈ ရက်မှ ဩဂုတ် ၁၇ ရက်အထိ တစ်လကြာ အခမဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ကျွမ်းကျင်နည်းပြများက စက်ချုပ်ဘာသာရပ် ၁၄ မျိုးကို လက်တွေ့အသုံးချနိုင်သည်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ သင်တန်းအပြီးတွင် ထူးချွန်သင်တန်းသား ငါးဦးကိုရွေးချယ်၍ တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှုန်းနှင့်ညီမျှသော စက်ပစ္စည်းများထောက်ပံ့ပေးအပ် သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒဂုံမြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ပတ္တမြားခန်းမ၌ လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပသည်။



**ဆွေးနွေးဟောပြော**

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂)ဦးမြင့်အေးက အဖွင့်အမှာစကားနှင့် ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှဦးစီးမှူး ဦးမျိုးမင်းထက်က မီးဘေးအန္တရာယ်အသိပညာပေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်လဲ့လဲ့အေးက လူငယ်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်းကိုလည်းကောင်း၊ စမ်းချောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှအားကစားမှူး ဦးသိန်းလင်းအောင်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ယင်းနောက်အခမ်းအနားတွင် အားကစားမှူးက အားကစားပစ္စည်းများပေးအပ်ခဲ့ရာ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါက်တာ ဒေါ်ဥမ္မာထွေးက လက်ခံရယူခဲ့သည်။

ထို့နောက်အခမ်းအနားတက်ရောက်လာသူများကို ဝူရှူးအဖွဲ့၊ Fitness Dance အဖွဲ့များက ညှို့ခံဖျော်ဖြေခဲ့ကြပြီး သရုပ်ပြအဖွဲ့အား ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။

လဲ့လဲ့(ပြန်/ဆက်)

## ဝမ်းတွင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ဝမ်းတွင်း ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၄)၌ ဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ပန်းခင်းစီမံချက်ဖြင့် အကျုံးဝင်သော ကျောင်းသား ၆၄ ဦး၊ ကျောင်းသူ ၅၀ စုစုပေါင်း ၁၁၄ ဦးတို့အား အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှလဝကမှူး ဒေါ်မြမြစိုးထံမှသိရသည်။



ကိုရဲ(ဝမ်းတွင်း)




## ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ–၂၀၂၄(တက္ကသိုလ်အဆင့်)အွန်လိုင်းမှ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၁၉

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲ–၂၀၂၄ (တက္ကသိုလ်အဆင့်)ကို အွန်လိုင်းမှတစ်ဆင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ပြိုင်ပွဲဝင်ဖိတ်ခေါ်ခြင်း အသေးစိတ်အချက်အလက်များကို အောက်ပါ Link တွင် Download ရယူနိုင်ကြောင်း သိရှိရသည်–

https://www.ncsc.gov.mm/CAVC2024–Registration Form.pdf

https://www.ncsc.gov.mm/CAVC2024–Announcement.pdf

ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု နှစ်ဆုတို့ ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော Video ဖိုင်အား ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ASEAN – JAPAN Cyber Security Awareness Video Competition – 2024 ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသေးစိတ်သိရှိလိုပါက အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၏ ဝက်ဘ်ဆိုက် www.ncsc.gov.mm သို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇–၃၄၂၂၇၂ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

သတင်းစဉ်

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။
(စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၅-၇-၂၀၂၄ ရက်နေ့မှအဆက်)

ထိုသို့ဖြင့် သုံးရက်မျှကြာသောအခါ ဥတ္တရာသည် သူ့ခင်ပွန်းနန္ဒအား ခယ၍ "အရှင်သား ကျွန်မသည် မိမိအိမ်၌နေစဉ်က ဥပုသ်နေ့တိုင်း ရှစ်ပါးသီလစောင့်သည်။ ဘုရားရှင်ကိုလည်းဖူးမြော်၍ တရားတော်ကိုနာကြားသည်။ ဤသို့ပြုသည့်အတိုင်း ကျွန်မအား ခွင့်ပြုရန် တောင်းခံပါသည်။" ခင်ပွန်းနန္ဒသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကြည်ညိုသူမဟုတ်သောကြောင့် ခွင့်မပြုပါချေ။

ဥတ္တရာသည် အကြိမ်ကြိမ်တောင်းခံသော် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မကြည်ညိုသူတို့၏သဘောအတိုင်း နန္ဒသူဌေးသားသည် သင်တို့ ဂေါတမကို ခယညွှတ်တွားခြင်းဖြင့် အဘယ်အကျိုးကို ခံစားနိုင်သနည်း။ လှူဒါန်းခြင်းဖြင့် ပစ္စည်းဥစ္စာသာ ကုန်ရုံသာဖြစ်မည်မဟုတ်လော။ ဥပုသ်ဆောက်တည်ခြင်းသည် ကာမဂုဏ်ချမ်းသာကို မခံစားရုံသာဖြစ်မည် မဟုတ်လောဟုဆို၍ ဆိတ်ဆိတ်နေသည်။

ဤသို့ဖြင့် သူ့အဖေ၏လုပ်ဆောင်ချက်ကြောင့် ဥတ္တရာသည် ဘုရား၏တရားကိုလည်း မနာရ၊ ဥပုသ်သီလလည်း မဆောက်တည်ရဘဲ မိစ္ဆာတို့အိမ်တွင် နေရသည်။ ယင်းအတွက် ဒါနလည်းမလုပ်ရ၊ သီလလည်း မဆောက်တည်ရသည်မှာ နှစ်လခွဲပင်ရှိပြီ။ သူ့အား လှောင်အိမ်ထဲသို့ထည့်ထားပြီး ဆင်းရဲခံနေရကြောင်း မိဘများထံသို့ တမန်ဖြင့် အကြောင်းကြားလေသည်။

ထို့ပြင် ယနေ့တိုင် ဘုရားရှင်နှင့် သံဃာတော်များအား လှူဒါန်းလုပ်ကျွေးခွင့်မရရုံသာမက ဖူးမြော်ခွင့်ပင်မရကြောင်း အကြောင်းကြားလိုက်လေသည်။

ယင်းသို့အဖြစ်ကိုသိရသော ပုဏ္ဏားသူဌေးသည် ငါအမှားကြီး မှားချေပြီ။ ငါ့သမီး စိတ်ဆင်းရဲနေရှာပြီဟု စိတ်မှာ ခံစားနေရသည်။ ထို့နောက် ပုဏ္ဏားသူဌေးသည် အကြံစဉ်းစားမိ၍ သမီးထံသို့ တမန်လွှတ်၍ ငွေတစ်သောင်းငါးထောင်ပေးပြီး ချစ်သမီး ဤရာဇဂြိုဟ်ပြည်၌ ဆရာဇီဝက၏ နှမဖြစ်သူ သီရိမာသည် ပြည့်တန်ဆာအလုပ်ကို လုပ်သည်။ ၎င်းအား တစ်နေ့လျှင် ငွေတစ်ထောင်ကျပေး၍ ငှားပြီး သင့်ခင်ပွန်းအား အလုပ်အကျွေးပြုစေရန် စီစဉ်စေပြီး သင်ဒါနသီလပြုလုပ်ပါဟု သမီးထံသို့ မှာကြားလိုက်လေသည်။

ဥတ္တရာသည် သူမ၏ဖခင်ထံမှ သတင်းစကားကိုကြားရလျှင် သီရိမာထံသို့သွား၍ "အဆွေမ ငါသည် ဤဝါတွင်း၌ ဥပုသ်သီလဆောက်တည်လိုသောကြောင့် ဤငွေတစ်သောင်းငါးထောင်ကို သင်ယူပါ၊ ငါ၏ခင်ပွန်းအား အလုပ်အကျွေးပြုပေးပါ" ဟု သီရိမာအား ပြောကြားလေသည်။ ထိုအခါ သီရိမာကလည်း သဘောတူလက်ခံလေသည်။

ယင်းအတွက် ခင်ပွန်းသည် သူဌေးနန္ဒကို သီရိမာအား ခေါ်၍ပြလျက် ဤသူသည် ငါ၏မိတ်ဆွေဖြစ်သည်။ ဤတစ်လခွဲကာလ ငါဥပုသ်စောင့်နေသည့်အချိန် သူ့အား သင်၏အလုပ်အကျွေးအဖြစ်လက်ခံပါဟု ပြောဆိုလေသည်။ ထိုအခါ ခင်ပွန်းဖြစ်သူ နန္ဒသူဌေးသားသည် သီရိမာက ချောလှသဖြင့် တပ်မက်လှစွာ လက်ခံခွင့်ပြုလိုက်လေသည်။

ဥတ္တရာသည် ခွင့်ပြုချက်ရသည်နှင့်တစ်ပြိုင်နက် ဘုရားထံသို့သွား၍ အရှင်ဘုရား ရဟန်းငါးရာနှင့်တကွ သူ့အိမ်သို့ နေ့စဉ် တစ်လခွဲကာလအထိ ကြွရောက်ဆွမ်းဘုဉ်းပေးရန်နှင့် တခြားအိမ်များသို့မကြွဘဲ မိမိအိမ်သို့သာကြွပါဟု လျှောက်ထားလေသည်။ ဘုရားရှင်က လက်ခံလိုက်သောအခါ ဥတ္တရာသည် အိမ်သို့ပြန်လာပြီး သူ၏ကျွန်မများနှင့်အတူ ဆွမ်းကိစ္စ ဆောင်ရွက်လေသည်။ ဘုရားရှင်ကလည်း နေ့စဉ် ဥတ္တရာ၏အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူလေသည်။ ဥတ္တရာသည် ဘုရားရှင်၏ တရားတော်များကိုနာကြားပြီး ပြာသာဒ်တစ်ခု၌ ဥပုသ်ဆောက်တည်နေလေသည်။ ဤသို့ဖြင့် ဥတ္တရာသည် ဝါကျွတ်၍ အဖိတ်နေ့ရောက်သောအခါ ကျွန်မများနှင့်အတူ ချွေးဒီးဒီးဖြင့် စားဖိုဆောင်ထဲဝင်၍ မမောမပန်းဘဲ အထူးထူးသောဘောဇဉ်တို့ကို လူးလားလှုပ်ရှားဆောင်ရွက်လေသည်။



သူ၏ခင်ပွန်းဖြစ်သူ နန္ဒသူဌေးသားသည် ပြာသာဒ်လေသာပြတင်းမှဖွင့်ကြည့်သော် ဥတ္တရာ၏ လှုပ်ရှားနေပုံကို မြင်လေသည်။ "ဤမိုက်မဲလှသော အမျိုးသမီး ကြီးစွာသောစည်းစိမ်ကို မခံစားဘဲ ဤစားဖိုအိမ်၌ ချွေးဒီးဒီးဖြင့် ရဟန်းဂေါတမကို အလုပ်အကျွေးပြုရန် ချက်ပြုတ်နေပါတကား"ဟု ကဲ့ရဲ့ရှုတ်ချ၍ လွန်စွာရယ်မောလျက် တိုက်တွင်းသို့ဝင်လေသည်။ ဤသို့ရယ်မောသည်ကို သီရိမာမြင်သောအခါ ၎င်းသည် မိမိကိုယ်ကို ယာယီဇနီးမယားအဖြစ် မသိတော့ဘဲ ဥတ္တရာကို အထင်လွဲကာ "ငါ့ခင်ပွန်းသူဌေးကို ဖျောင်းဖျဖျက်ဆီးသည့်ဟန်ရှိသည်"ဟု မာန်တက်ကာ ဥတ္တရာကို ရန်ငြိုးဖွဲ့လေသည်။

သီရိမာသည် ယင်းသို့ရန်ငြိုးထားပြီး ထောပတ်ချက်ရာသို့သွားကာ ကျိုက်ကျိုက်ဆူပွက်နေသော ထောပတ်ရည်ကို မှုတ်ဖြင့်ယူ၍ ဥတ္တရာပေါ်သို့ လောင်းချမည်ဟု ကြံစည်ကာယူလာလေသည်။ ဥတ္တရာကလည်း သီရိမာယူလာသည်ကို မြင်သည်။ ငါ့အဆွေသီရိမာသည် "ငါ၏ကျေးဇူးရှင်ဖြစ်သည်။ ငါ၏ခင်ပွန်းကို သူလုပ်ကျွေးပြုစုပေး၍သာ ငါယခုလို ကုသိုလ်ပြုရသည်။ သူ့ကျေးဇူးကား အတိုင်းမသိကြီးမားလှပါဘိ။ ထို့ကြောင့် သီရိမာကို ငါအမျက်ဒေါသမထွက်သင့်။ ငါသည် သူ့အပေါ် အမျက်မထွက်မှန်မူပါက သူငါ့အပေါ်လောင်းချသည့် ထောပတ်ရည်သည် နံ့သာရည်ကဲ့သို့ အေးစေသတည်း" ဟု မနောအဓိဋ္ဌာန်ပြုလေသည်။ သီရိမာကလည်း ထောပတ်ရည်တို့ဖြင့် ဥတ္တရာဦးခေါင်းပေါ် လောင်းချသော် မေတ္တာအာနုဘော်ကြောင့် နံ့သာရည်ကဲ့သို့ အေးသွားလေသည်။

ဤသို့ ဥတ္တရာသည် ခံနိုင်ရည်ရှိသည်ကို သီရိမာမြင်လေသော် ဤထောပတ်ရည်သည် အပူနေး၍ အေးဟန်ရှိသည်ဟု တစ်ဖန်ထောပတ်ရည်ကို ခပ်ယူလာသော် ဥတ္တရာ၏ ကျွန်မတို့ကထ၍ "ဟယ် မိန်းမယုတ် သင်ကား ယာယီဇနီးမယားသာဖြစ်သည်။ ငါတို့အရှင်မကို မနှိပ်စက်နှင့်" ဟူ၍ ဆံထုံးကိုဆွဲကာ မြေသို့လှဲစေပြီး ပုတ်ခတ်ကြလေသည်။ ဥတ္တရာသည် ဤအဖြစ်ကိုမြင်သော် "ငါ့မိတ်ဆွေကို မလုပ်ကြပါနှင့်" ဟု တားမြစ်၍ ပုတ်ခတ်လိုက်သော ဒဏ်ရာကို ခံရသူ သီရိမာကိုလည်း ဆီနံ့သာဖြင့် ကောင်းစွာ လိမ်းပေးလေသည်။ ထိုအခါမှ သီရိမာသည် သူ့အပြစ်ကိုလည်း သူသိသည်။ သူသည် ယာယီအပျော်မယားဖြစ်လေသည်။ ထိုအခါ သီရိမာသည် ထိတ်လန့်သံဝေဂရပြီး ဥတ္တရာ၏ ခြေရင်းတွင်ဝပ်၍ "အရှင်မ ကျွန်ုပ်ပြုမိသော အပြစ်ကို ခွင့်လွှတ်ပါ၊ သည်းခံပါ" ဟု တောင်းပန်လေသည်။ ဥတ္တရာက သီရိမာအား "ငါ၏ကိုးကွယ်ရာဖြစ်သော ဘုရားက သည်းခံစေလိုလျှင် သင့်ကို ငါသည်းခံအံ့"ဟု ဆိုလေသည်။

နောက်တစ်နေ့ နံနက်၌ သီရိမာသည် အခြံအရံ မိန်းမငါးရာနှင့်တကွ ဆွမ်းဘောဇဉ်တို့ကို စီစဉ်၍ ယူဆောင်လာလေသည်။ ယင်းယူဆောင်လာသော ဘောဇဉ်ဆွမ်းတို့ကို ဥတ္တရာအားအပ်၍ ကပ်လှူလုပ်ကျွေးစေလေသည်။ ဤသို့ဖြင့် ဘုရားရှင်အား ဆွမ်းကပ်လှူ၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ သီရိမာသည် ဘုရားရှင်၏ခြေရင်း၌ဝပ်လျက် အကြောင်းစုံကို လျှောက်ထားပြီး သည်းခံပါအကြောင်း လျှောက်ထားလေသည်။

ဘုရားရှင်သည် ဥတ္တရာကိုခေါ်၍ "ချစ်သမီး ဥတ္တရာ ဤကျိုက်ကျိုက်ဆူပွက်နေသော ထောပတ်ရည်ကို သင့်အပေါ်သို့ လောင်းချသောအခါ သင်မည်သို့သော နှလုံးသွင်းနေသနည်း"ဟု မေးတော်မူလေသည်။

ဥတ္တရာသည် ဘုရား၏ မေးမြန်းချက်တို့ကို အလုံးစုံ လျှောက်ထားသော် ဘုရားရှင်က သာဓု သုံးကြိမ် ခေါ်တော်မူလေသည်။

ဘုရားရှင်က ဤသို့ဆက်၍ ဆုံးမဟောကြားတော်မူလေသည်။ "**(၁) အမျက်ထွက်သူကို သူကဲ့သို့ တုံ့ပြန်အမျက်မထွက်ဘဲ မေတ္တာထားခြင်းဖြင့် အောင်နိုင်ရာ၏၊ (၂) စိတ်ယုတ်မာရှိသူကို စိတ်ကောင်းထားခြင်းဖြင့် အောင်မြင်ရာ၏၊ (၃) နှမြောဝန်တိုသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏၊ (၄) လိမ်လည်လှည့်ပတ် ပြောဆိုတတ်သူကို အဟုတ်အမှန်အကန် ပြောခြင်းဖြင့် အောင်မြင်ရာ၏** "ဟူ၍ တရားဟောကြားတော်မူသည်။

ထိုတရားတော်ကို နာကြားရသော သီရိမာသည် သောတာပန်ဖြစ်သွားလေသည်။

**❛ ဘုရားရှင်က (၁) အမျက်ထွက်သူကို သူကဲ့သို့ တုံ့ပြန်အမျက်မထွက်ဘဲ မေတ္တာထားခြင်းဖြင့် အောင်နိုင်ရာ၏၊ (၂) စိတ်ယုတ်မာရှိသူကို စိတ်ကောင်းထားခြင်းဖြင့် အောင်မြင်ရာ၏၊ (၃) နှမြောဝန်တိုသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏၊ (၄) လိမ်လည်လှည့်ပတ် ပြောဆိုတတ်သူကို အဟုတ်အမှန်အကန်ပြောခြင်းဖြင့် အောင်မြင်ရာ၏"ဟူ၍ တရားဟောကြားတော်မူသည်။ ထိုတရားတော်ကို နာကြားရသော သီရိမာသည် သောတာပန်ဖြစ် ❜**

## သီရိမာ
## ပြည့်တန်ဆာမအကြောင်း

သီရိမာသည် ဘုရားရှင်ဟောကြားသည့်တရားကိုနာကြား၍ သောတာပန်ဖြစ်ပြီးနောက် နောက်တစ်နေ့နံနက်အတွက် မိမိအိမ်သို့ကြွ၍ ဆွမ်းဘုဉ်းပေးရန် လျှောက်ထားသည်။ ထို့ပြင် ဘုရားရှင်အား သူ့အိမ်၌ နေ့စဉ် သံဃာရှစ်ပါးအား ဆွမ်းရပ်ပေးရန် လျှောက်ထားတောင်းခံလေသည်။ ဘုရားရှင်ကလည်း ခွင့်ပြု၍ သူ့အိမ်သို့ အလှည့်ကျဖြင့် ရဟန်းရှစ်ပါး ဆွမ်းရပ်စေသည်။ သီရိမာသည် တစ်နေ့ ၁၆ ကျပ်ဖြင့် ဆွမ်းဘောဇဉ်တို့ ချက်ပြုတ်လှူဒါန်းလေသည်။

ယင်းသို့လှူဒါန်းသော ဆွမ်းဘောဇဉ်သည် တစ်ပါးကိုလှူဒါန်းသည့်ဆွမ်းမှာ သုံးလေးပါးဘုဉ်းပေးလို့လောက်ပေသည်။ တစ်နေ့သောအခါ သီရိမာအိမ်၌ ဆွမ်းခံကြွသော ရဟန်းတစ်ပါးသည် သုံးယူဇနာဝေးသော ကျောင်းသို့ ရောက်သွားသောအခါ သီရိမာသည်အလွန်လှပကြောင်း၊ သူလောင်းလှူသည့် ဆွမ်းသည်လည်း အလွန်ကောင်းကြောင်း ပြောပြလေသည်။ ထိုကျောင်းတွင်နေသော ရဟန်းတစ်ပါးကလည်း သီရိမာကိုမမြင်ရသေးဘဲ အလွန်စွဲလမ်းတပ်မက်သွားလေသည်။ သူသည် နောက်တစ်နေ့ ရဟန်းများနှင့်အတူ သီရိမာအိမ်သို့ ဆွမ်းခံကြွလေသည်။

သီရိမာသည် ရတ်တရက် မနေ့က မကျန်းမာသောကြောင့် သူ့အလုပ်အကျွေးတို့ကို ရဟန်းတို့အား ဆွမ်းကပ်စေသည်။ သူ့ကိုပွေ့ချီပြီး သင့်တော်ရာနေရာတွင်ချ၍ ရဟန်းတော်များကို ကြည်ညိုစေပါသည်။ သီရိမာကလည်း မကျန်းမာ တုန်တုန်ချည့်ချည့်ဖြင့် ရဟန်းတော်များအား ရှိခိုးလေသည်။ ယင်းသို့ရှိခိုးစဉ်တွင် သူ့အားစွဲမက်သော ရဟန်းတစ်ပါးသည် ဤအမျိုးသမီးကား ဤလောက်မကျန်းမာစဉ်ပင် လှပနေသေးလျှင် ကျန်းမာစဉ်က မည်မျှလှပမည်လဲဟူ၍ ကိလေသာများ ထကြွသောင်းကျန်းလျက် ကျောင်းသို့ ဆွမ်းကိုယူပြီး ဆွမ်းမစားဘဲအိပ်လေသည်။

ထိုနေ့ညမှာပင် သီရိမာသေလေသည်။ ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးက လျှောက်ထားလေသည်။ ဘုရားရှင်သည် သီရိမာအလောင်းအား သုသာန်တွင်ထား၍ ကျီးများမစားရအောင် သုံးရက်လုံးလုံး ကိုယ်တုံးလုံးထားရန် မိန့်တော်မူလေသည်။ ဘုရားရှင်မိန့်တော်မူသည့်အတိုင်း မင်းကြီးက ပြုလုပ်ဆောင်ရွက်ထားလေသည်။ သုံးရက်လေးရက်မြောက်သောနေ့တွင် သီရိမာအလောင်းသည် ကိုယ်ဖူးရောင်ကာ ကွဲပျက်ပြီး ဒွါရကိုးပေါက်မှ ပိုးလောက်များ ထွက်ကြကုန်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ကျိုင်းတုံမြို့ ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး၌ ပြုလုပ်သည့် (၃၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၁၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ခေမရဋ္ဌဗျာဒိတ်တော်ပေးရပ်တော်မူဘုရားကြီး၏ (၃၁) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဘုရားကြီးရှိ အာရုံခံတန်ဆောင်း၌ ကျင်းပရာ ကျိုင်းတုံမြို့ သံသရာအေး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကောသလ္လ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်နိုင်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက် လာကြသူများက သံသရာအေး ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ သာသနာ့ဝေပုလ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိဇယထံမှ ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

အဆိုပါ ခေမရဋ္ဌဗျာဒိတ်တော်ပေးရပ်တော်မူ ဘုရားကြီး၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဇူလိုင် ၁၅ ရက်မှ ယနေ့အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ငွေလုံးငွေရင်းများထုတ်ပေး

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော အဏ္ဏဝါလွှမ်း




ကုမ္ပဏီလီမိတက်မှ အာမခံအလုပ်သမားနှင့် Xi Qi Mould Co.,Ltd.မှ အာမခံအလုပ်သမားတို့အား လုပ်ငန်းခွင်အတွင်းထိခိုက်ဒဏ်ရာရရှိမှုတို့အတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ဇူလိုင် ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော အဏ္ဏဝါလွှမ်း ကုမ္ပဏီလီမိတက်မှ အာမခံအလုပ်သမား ဦးထွန်းထွန်းဝင်းအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းကျပ် ၆၁၇၄၀၀၀နှင့် Xi Qi Mould Co.,Ltd.မှ အာမခံအလုပ်သမား ဦးကျော်ဇင်ဦးအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းကျပ် ၂၈၄၀၇၄၅ ဒသမ ၆၀ စုစုပေါင်း ကျပ် ၉၀၁၄၇၄၅ ဒသမ ၆၀ တို့ကို ကာယကံရှင်များထံသို့ တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက စက်ရုံမှတာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် အကျိုးခံစားခွင့်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၅ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၉၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၈၅ | ၂၈၆၀ | ၂၈၁၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၁၀ | ၂၈၆၅ | ၂၉၉၅ | ၃၀၂၅ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၁၀ | ၂၉၂၀ | ၃၃၃၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၉၅ | ၂၄၇၀ | ၂၄၂၅ | ၂၄၉၅ | ၂၅၁၀ | ၂၅၂၀ | ၂၄၇၅ | ၂၆၀၅ | ၂၆၃၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၉၄၀ | ၃၉၅၀ |
| HSD (50 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |
| HSD (10 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၅ |
| 95 Ron | ၂၆၅၇ | ၂၇၄၄ |
| HSD (500 ppm) | ၂၂၇၉ | ၂၃၅၄ |
| HSD (50 ppm) | ၂၆၈၆ | ၂၇၇၀ |
| HSD (10 ppm) | ၂၆၈၆ | ၂၇၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဝါဆိုလပြည့် မမေ့ကောင်းရာ ရက်ဗုဒ္ဓါ

❁ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်
ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူခဲ့
နတ်လူအပေါင်း၊ ကောင်းကြောင်းဖြာဖြာ
ရပါစေသော၊ ယူစေသောဟု
မနော်ဖြူဖြူ၊
မွေးမြူစိတ်ထား၊ ရှိထင်ရှားသည်
ဘုရားလောင်းလျာ ရှင်ဗုဒ္ဓါ...။
❁ သူအို-သူနာ၊ ထင်လင်းစွာလျှင်
တစ်ဖြာသူသေ၊ မြတ်ဧမွေတည့်
ညွှန်းစေတသိက်၊ ဖြစ်-ပျက်ရိပ်ကို
နိမိတ်လေးပါး၊ မြင်သောအားလျှင်
များစွာသတ္တ၊ ဝေနေယျကို
ဒုက္ခကင်းရာ၊
ဝေးရာဝေးကြောင်း၊ လမ်းမပြောင်းဘဲ
ဖြောင့်လည်းဖြောင့်မတ် တောထွက်အပ်သည်
မြတ်စွာဗုဒ္ဓါ လောင်းလျာရှင်မြတ် မင်းသိဒ္ဓတ်။
❁ ဒုက္ခရစရိယာ၊ ခြောက်နှစ်ကြာတိုင်
လွှဲစွာအကျင့်၊ တွေးချင့်အမှန်
ကျင့်ကြံအားထုတ်၊ တိမ်ပုပ်မကွယ်
လနယ်အလင်း၊ ရခဲခြင်းကြောင့်
ထိုးထွင်းသိလာ မြတ်ဗုဒ္ဓါ။
❁ သဗ္ဗညုတ၊ ဉာဏ်တော်ရသော်
များလှသောင်းသောင်း၊ သတ္တဝါအပေါင်းကို
ကောင်းရာညွှန်လတ်၊ မြတ်လှမေတ္တာ
ဟောကာကြားမြွက်၊ ဓမ္မစက်ကြောင့်
သက်ရှိပုဂ္ဂိုလ်၊ ထိုထိုကောင်းကျိုး
လွန်တန်ဖိုးရှိ ဖြစ်ရ၏။
❁ သန္ဓေတောထွက်၊ ဓမ္မစက်ဟု
ဆိုမြွက်စကား၊ ဖြစ်စဉ်များသည်
တည်သွားအလို၊ လဝါဆိုဟု
ညွှန်းဆိုခုချိန်၊ လင်းရောင်ထိန်ညီး
အခါကြီးဝယ်၊ အသီးသီးသော
လူရေနတ်ပါ၊ သတ္တဝါတို့
ကျွတ်ရာကျွတ်ကြောင်း လမ်းပြညောင်းသော်
အပေါင်းကျက်သရေ ထိန်ထိန်ဝေသည်
ညွတ်ခြေကြာမှံ ဆယ်လက်လက်ယှဉ်
သုံးလောကတွင် ဦးထိပ်တင်။

**ဘိုမျိုး(ရွှေဘို)**

# လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ဘက်စုံပညာရေးကဏ္ဍမြှင့်တင်

မောင်သောင်းဝင်း(တမန်ဟောင်း)

"ပညာရေးဆိုသည်မှာ အမျိုးမျိုးသော သင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့် ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများ"ဟုဆိုသည်။ လူတစ်ယောက်သည် ပညာကို မွေးဖွားလာကတည်းက ဘဝတစ်သက်တာ သင်ယူလေ့လာနေကြရသည်။ ပညာသင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့် ပညာနှင့် ဘဝကို ပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိပတ်ဝန်းကျင်နှင့် လူ့အသိုက်အဝန်းကိုလည်း အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။

### အားလုံးအတွက် ပညာရေး

ပညာရေးသည်နိုင်ငံတော်တည်ဆောက်ရေး၏ အုတ်မြစ်ပင်ဖြစ်သည်။ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကပင်ဖြစ်သည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကို အဓိကတည်ဆောက်ကြရသည်။ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေးတိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့် တိုက်ရိုက်အချိုးကျလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းသွားရန် လိုအပ်ပေသည်။ Education for All ဆိုသည့်အတိုင်း အားလုံးအတွက်ပညာရေးကို မဖြစ်မနေအကောင်အထည်ဖော်သွားရန်လိုအပ်ပေသည်။

### မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံများ

တိုင်းချစ်ပြည်ချစ်စိတ်ရှိသော လူငယ်များ ပေါ်ထွန်းလာစေရန်၊ အရည်အသွေးပြည့်ဝသော ပညာတတ်များ မွေးထုတ်ပေးနိုင်ရန်၊ ထုတ်လုပ်မှုကို အားပေးသည့် သက်မွေးပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆရာ ဆရာမများ၏ အရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးအာမခံမှုရှိသည့် ပညာရေးစနစ် ပိုမိုအားကောင်းလာစေရန် စသည့်ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို နေပြည်တော်ရှိ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဇွန်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပသည်။

### အထောက်အကူပြု

အလားတူ ပညာရေးနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနအားလုံး ပထမဆုံးအကြိမ် ပူးပေါင်းကျင်းပသည့် ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကို နေပြည်တော်ရှိ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ၂၀၂၃ ခုနှစ် မေလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ၎င်းညီလာခံတွင် ဝန်ကြီးဌာနပေါင်းစုံမှပညာရှင်များက အနာဂတ်မြန်မာ့ပညာရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကဏ္ဍငါးခုအတွက် စာတမ်း ၄၂ စောင်ကို ရှုထောင့်စုံမှ ရင်းနှီးပွင့်လင်းစွာ သုံးသပ်ဆွေးနွေးနိုင်ခဲ့ကြသည်။ ယခုနှစ် ပညာရေးညီလာခံ၌ ကဏ္ဍခြောက်ခုအတွက် စာတမ်း ၃၆ စောင်ကို ဖတ်ကြားခဲ့သည်။ ယင်းစာတမ်း ၃၆ စောင်ကို "လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး"ဆိုသည့် ဦးတည်ချက်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည်။ ပညာရေးညီလာခံများသည် အနာဂတ်လူငယ်များအတွက် ကောင်းမွန်သည့်အဖြေများ၊ ကောင်းမွန်သည့်အချက်အလက်များနှင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာရန် အထောက်အကူပြုမည်ဖြစ်သည်။





ဇွန်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို တွေ့ရစဉ်။

### ဘက်စုံပညာရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ဘက်စုံပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘာသာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ တတ်မြောက်မှုကိုသာမက Personal Skills ဟုခေါ်သည့် ပင်ကိုအရည်အသွေးများ၊ ကိုယ်ရည်ကိုယ်သွေးများကို ဘက်စုံမြှင့်တင်ပေးပါကြောင်း၊ စဉ်းစားသုံးသပ်တွေးခေါ်မှု (Critical Thinking)၊ ပြဿနာဖြေရှင်းမှု (Problem Solving)၊ တီထွင်ဖန်တီးမှု (Creativity)၊ ဆန်းစစ်အကဲဖြတ်မှု (Evaluation)၊ ပိုင်းခြားစိတ်ဖြာသုံးသပ်မှု (Analytical Skills)၊ ပူးပေါင်းဆောင်ရွက်မှု (Collaboration)၊ အလိုက်သင့်ဆောင်ရွက်တတ်မှု (Adaptability)၊ လူမှုဆက်ဆံရေး (Social Skills)၊ စိတ်ခံစားချက်နားလည်မှု (Emotional Intelligence)၊ တရားမျှတမှု (Justice)၊ လောကနီတိဆိုင်ရာအပြုအမူ (Ethical Behavior)နှင့် ဦးဆောင်တတ်မှု (Leadership) အစရှိသည့် ဘက်စုံကျယ်ပြန့်သည့် အရည်အသွေးများ၊ စွမ်းရည်များ၊ ကိုယ်ရည်ကိုယ်သွေးများ၊ အသိပညာ၊ အတတ်ပညာများကို ဘက်စုံပညာရေးက ပြည့်စုံစေမည်ဖြစ်ပါကြောင်း" မေလ ၁၈ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ဖွင့်ပွဲအခမ်းအနား၌ အလေးထား ပြောကြားသွားခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဘက်စုံပညာရေးသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်မှ ပါဝင်လျက်ရှိသည်။ ဘက်စုံပညာထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံသားများ၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ပိုမိုနားလည်သဘောပေါက်ကြသည်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် ပိုမိုပူးပေါင်းပါဝင်နိုင်သည့် အင်အားစုများလည်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကိုမြှင့်တင်ရန် ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

### တန်းစဉ်ကူးပြောင်းမှု လျော့နည်းလာ

သို့သော် ပညာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ကျောင်းနေသူ ၁၉ ဒသမ ၄၄ သန်းတွင် ပဉ္စမတန်းတက်ရောက်သူ ၁၁ ဒသမ ၃၇ သန်း (၅၇ ဒသမ ၂၉ ရာခိုင်နှုန်း) ရှိပြီး အလယ်တန်းအဆင့် ၈ တန်းသို့တက်ရောက်သူ ၇ ဒသမ ၇၈ သန်း (၄၀ ဒသမ ၂၆ ရာခိုင်နှုန်း) သာရှိခဲ့သည်။ အလားတူ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ ငါးနှစ်အထက်လူဦးရေ ၄၆ ဒသမ ၄၆ သန်းတွင် သက်မွေးပညာပြီးသူ ၂ ဒသမ ၉ သိန်း၊ ဘွဲ့ရသူ သုံးသန်းသာရှိသည့်အတွက် တန်းစဉ်ကူးပြောင်းမှုလျော့နည်းမှုမှာ များပြားလာခဲ့သည်။ ထို့ပြင် ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်အထက်လူဦးရေ၊ တစ်နည်းအားဖြင့် အလုပ်လုပ်နိုင်သူ ၂၂ ဒသမ ၉ သန်းအနက် တစ်ဝက်ခန့်သာ အလယ်တန်းအဆင့် ပညာတတ်မြောက်သည်။

### အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ပညာရေးအဆင့်အတန်း တိုးတက်လာရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေးဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ လက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်မှုစရိတ်နှင့် ထောက်ပံ့ငွေများချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများဖွင့်လှစ်စေခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထ တိုးပွားလာအောင်ဆောင်ရွက်ပေးခြင်းတို့ကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိသည်။ ဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းရေး ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ် ဆောင်ရွက်လျက်ရှိသည်။

### ဗလငါးတန်ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်

လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြသူများ၊ အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ၏အရင်းအမြစ်များ၊ တစ်နည်းအားဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည်။ လူငယ်များကို မှန်ကန်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကိုမြင့်မားအောင်တည်ဆောက်နိုင်မည်ဖြစ်သည်။ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံသူလူငယ်များဖြင့်သာ နိုင်ငံကို ကောင်းအောင်တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဟူသည့် ဗလငါးတန်ပြည့်စုံနေအောင် လေ့ကျင့်ပျိုးထောင်သွားရန် လိုအပ်ပေသည်။

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည်ဆိုသော အချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာ လက်ခံထားရှိကြသည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အသိပညာရှင်၊ အတတ်ပညာရှင်ပေါများသောနိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်နယ်ပယ်အားလုံးတွင် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့ဦးဆောင်နိုင်ငံများအဖြစ် ရပ်တည်နိုင်လေ့ရှိကြသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများစွာထဲတွင် ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုသည် အလွန်ပင်အရေးကြီးသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ အနာဂတ်အတွက် အကောင်းဆုံးအကျိုးရလဒ်များကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ခွဲဝေပေးလျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအပါအဝင် ပညာရေးနှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများအတွက် ပညာရေးအသုံးစရိတ် စုစုပေါင်း ၃၁၄၆ ဒသမ ၁၄၉ ဘီလီယံ ခွင့်ပြုပေးခဲ့သည်။ အဆိုပါ ခွင့်ပြုပေးခဲ့သည့် ပညာရေးအသုံးစရိတ်သည် ပြည်ထောင်စုအသုံးစရိတ်၏ ၉ ဒသမ ၄၈ ရာခိုင်နှုန်းနှင့် ဂျီဒီပီ၏ ၂ ဒသမ ၁၈ ရာခိုင်နှုန်းရှိသည်။

မည်သို့ပင်ဆိုစေ ဒုတိယအကြိမ်မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)၌ ပညာရေးတန်းစဉ်ကူးပြောင်းမှုနည်းပါးခြင်းကို ကုစားနိုင်မည့် နည်းလမ်းများရှာဖွေရေး၊ ကျောင်းတက်သူဦးရေတိုးတက်လာစေမည့်နည်းလမ်းများ ရှာဖွေရေး၊ KG+9 ပညာရေးဖော်ဆောင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနည်းပညာရပ်များသင်ကြားရေး၊ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ရေး၊ ဝိဇ္ဇာ-သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များ မွေးထုတ်ရေးနှင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များရှိရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ပြီး တိုင်းကျိုးပြည်ပြုရှေ့လုပ်ငန်းစဉ် ရလဒ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ကြဉ်းနိုင်လိမ့်မည်ဟု ယုံကြည်မိပါတော့သည်။ ။

> **"လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြသူများ၊ အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ၏အရင်းအမြစ်များ၊ တစ်နည်းအားဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည်။ လူငယ်များကို မှန်ကန်စွာလေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့်သာ အနာဂတ်နိုင်ငံတော်ကို မြင့်မားအောင်တည်ဆောက်နိုင်မည်ဖြစ်သည်။ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံသူ လူငယ်များဖြင့်သာ နိုင်ငံကိုကောင်းအောင်တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဟူသည့် ဗလငါးတန်ပြည့်စုံနေအောင် လေ့ကျင့်ပျိုးထောင်"**

# မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်ကမ်းလွန်နှင့် အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကျောက်ဖြူမြို့၏ အနောက်ဘက် ရေမိုင် ၄၃၀ မိုင်ခန့်၊ စစ်တွေမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၉၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၅ မိုင်ခန့်၊ ဂိုလ်ပါပူမြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၆၅ မိုင်ခန့်၊ ပါရာဒစ်ရှ်မြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၆၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် ယနေ့ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၁၉ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက်(၃၆)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းခြေကို ပူရီမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ထို့နောက် မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ ဩရိဿပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ်တို့သို့ ရောက်ရှိကာ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ ၂၁-၇-၂၀၂၄ ရက်နေ့အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**




၁၉-၇-၂၀၂၄ ရက်နေ့ ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းငယ် ခန့်မှန်းလမ်းကြောင်းပြမြေပုံ။




# ရေကြည်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုများ ကြည့်ရှုစစ်ဆေး

ရေကြည် ဇူလိုင် ၁၉

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်သည် ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ရေကြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းချစ်အေးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါ၍ ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ရေကြည်မြို့နယ် ငဝန်မြစ်ကမ်းတစ်လျှောက် မြစ်ရေမြင့်တက်လာမှုအား ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ကွင်းလျားကျေးရွာ အထက(ခွဲ)တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နေထိုင်ရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကျန်းမာရေး ဂရုပြုနေထိုင်ရန် ပြောကြားပြီး ဆရာ ဆရာမများက ကျောင်းလိုအပ်ချက်များ တင်ပြလာမှုအပေါ် ဆောင်ရွက်ပေးမည့်အရာများနှင့် လိုအပ်သည်များအား မှာကြားခဲ့ပြီး သောက်ရေသန့်နှင့် ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ နွားကုန်းကျေးရွာအုပ်စု ဒွါရစုကျေးရွာ အမက(မူလွန်) ကျောင်းသို့ရောက်ရှိပြီး သဘာဝဘေးအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ မှာကြား၍ သောက်ရေသန့်နှင့် ခေါက်ဆွဲခြောက်ထုပ်များ ပေးအပ်ခဲ့သည်။ ဆက်လက်၍ မကျည်းလဟာကျေးရွာ အမှတ်(၄) ရေကာင်းစခန်းနှင့် ဘွဲ့ငူကျေးရွာ အမှတ်(၃) ရေကာင်းစခန်းသို့ ရောက်ရှိကာ ငဝန်တာကြံ့ခိုင်မှု ရှိ/မရှိ၊ မြစ်ရေတက်မှုအခြေနေအား ကြည့်ရှု၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုက်လတ်မြို့နယ်၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်

ကျိုက်လတ် ဇူလိုင် ၁၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း (၄)ဖြတ်လမ်းထိပ်၌ ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်နေမှုများကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ ဦးဆောင်၍ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအာကာဖြိုးမင်းနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်လူများအား ရှာဖွေကယ်ဆယ်ခြင်း၊ အသက်ကယ်အင်္ကျီ ဝတ်ဆင်ပုံနည်းများ၊ သဘာဝဘေးဒဏ်ခံရသည့် လူနာများအား ရှေးဦးသူနာပြုစုနည်းများဖြင့် ကုသခြင်း၊ မြစ်ရေကြီးမြင့်လာပါက နီးစပ်ရာအရေးပေါ်စခန်းများသို့ ရွှေ့ပြောင်းရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို သရုပ်ပြခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ပဲခူးမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနား ကျင်းပ

ပဲခူး ဇူလိုင် ၁၉

ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စနစ်သစ် မေးခွန်းပုံစံအသစ် ဖြေဆိုခဲ့ရာတွင်ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများသည် သင်ယူမှုအခွင့်အလမ်းကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ခဲ့သူများဖြစ်သည့်အပြင် အခြေအနေ အချိန်အခါနှင့် အခွင့်အလမ်းကို အကောင်းဆုံး အသုံးချနိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ထူးချွန်စွာ အောင်မြင်ခဲ့သည့်အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့က မှတ်တမ်းတင်ဂုဏ်ပြုကြောင်းနှင့် ဆက်လက်ပြီး အဆင့်မြင့်သက်မွေးပညာများသင်ယူရာတွင်လည်း ရည်မှန်းချက်ရောက်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိပ္ပံဘာသာတွဲ၌ နိုင်ငံတော်အဆင့် (၅)ရရှိသော ကျောင်းသားတစ်ဦး၊ ခြောက်ဘာသာရရှိသူ ကျောင်းသား ကျောင်းသူ ရှစ်ဦး၊ အောင်ချက်အကောင်းဆုံးရရှိခဲ့သည့် ဇီးကုန်းမြို့နယ် အထက(မြို့မ)နှင့် ပြည်မြို့နယ် ကပက(ပုလဲမိုး)ကျောင်းတို့အား လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက ငါးဘာသာ ဂုဏ်ထူးရရှိခဲ့သူများကိုလည်းကောင်း ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးကြသည်။ ယင်းနောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ပဲခူးတိုင်းဒေသကြီး(အရှေ့) အထက(၂) ညောင်လေးပင်မှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အောင်ကောင်းမြတ်က ကျေးဇူးတင်ဂါရဝစကား ပြန်လည်ပြောကြားပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ထူးချွန်စွာအောင်မြင်သော ကျောင်းသားကျောင်းသူများ၊အောင်ချက်အကောင်းဆုံး ဆုရရှိသော ကျောင်းအုပ်ကြီးများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့်ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒလမြို့နယ်၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

ဒလ ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ်တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အခြေခံပညာ အထက်တန်းကျောင်းခွဲ အလက (၂) ပညာရတနာခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။



**အသိပညာပေး**

အခမ်းအနားတွင် ဒလမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရွှေလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက ပတ်ဝန်းကျင်ထိန်းသိမ်း ဆောင်ရွက်ရခြင်း အကြောင်းရင်းများနှင့် အဏ္ဏဝါညစ်ညမ်းမှု၏ အဓိကအကြောင်းရင်းများ၊ အဏ္ဏဝါညစ်ညမ်းမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေသော ဆိုးကျိုးများ၊ အဏ္ဏဝါပတ်ဝန်းကျင်မှ ရရှိသော အကျိုးကျေးဇူးများ၊ အဏ္ဏဝါညစ်ညမ်းမှုမဖြစ်စေရန် ကြိုတင်ကာကွယ် ကူညီနိုင်မည့် နည်းလမ်းများ စသည်တို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ “ပလတ်စတစ် ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့” အသိပညာပေး ဗီဒီယိုကိုပြသခဲ့ပြီး ပလတ်စတစ်အသုံးပြုမှု လျှော့ချခြင်းဖြင့် ပတ်ဝန်းကျင် သာယာလှပရေးကို အထောက်အကူ ပြုကြရန်နှင့် ပလတ်စတစ်ကြောင့် ရရှိနိုင်သော ဆိုးကျိုးများနှင့် သက်ဆိုင်သည့် မေးခွန်းများကို ကျောင်းသား ကျောင်းသူများအား မေးမြန်းပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အဏ္ဏဝါညစ်ညမ်းမှုဆိုင်ရာ လက်ကမ်းစာစောင်များကို တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေခဲ့သည်။

**အေးမြမိုး(ပြန်/ဆက်)**



# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အရှေ့ဒဂုံစက်မှုဇုန်ရှိ စက်ရုံနှစ်ရုံတွင် ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါစက်ရုံအလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးခြင်းကို အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်နှင့် ဦးစီးအရာရှိ ဦးအောင်မြတ်သူတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အရှေ့ဒဂုံစက်မှုဇုန်ရှိ Native Victor အထည်ချုပ်စက်ရုံနှင့် ပွင့်ဦးပရိဘောဂစက်ရုံတို့ရှိ အလုပ်ရှင်နှင့် အလုပ်သမားများအား အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များဖြစ်သော အလုပ်ချိန်၊ နားချိန်၊ နားရက်၊ အချိန်ပို၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ လုပ်ခလစာ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာများ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ရိုးရာခြင်းလုံးကစားနည်း သရုပ်ပြပွဲကျင်းပ

တာချီလိတ် ဇူလိုင် ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မူးယစ်တပ်ဖွဲ့စု (၃၀) နှင့် ယာဉ်ထိန်းတပ်ဖွဲ့စု (၁၂၁) တို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် ရိုးရာခြင်းလုံးကစားနည်းသရုပ်ပြသခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မီဒေးကိုယ်ပိုင် အထက်တန်းကျောင်းတွင် ကျင်းပသည်။

**ခြင်းလုံးများ ထောက်ပံ့ပေးအပ်**

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဦး၊ မူးယစ်တပ်ဖွဲ့စု (၃၀)မှ ဒုတိယရဲအုပ် တင်ဆန်း၊ ယာဉ်ထိန်းတပ်ဖွဲ့စု(၁၂၁)မှ ရဲအုပ်ဝေဖြိုးနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အား/ကာမှူး ဦးသန်းလှိုင်တို့က ဟောပြောပြီး မြို့နယ်မြန်မာ့ရိုးရာခြင်းလုံးဆပ်ကော်မတီက အခြေခံရိုးရာ ခြင်းလုံးကစားနည်းနှင့် ခြင်းအလှခတ်ခြင်းကို သရုပ်ပြသကာ ကျောင်းအတွက် ခြင်းလုံးများ ထောက်ပံ့ပေးအပ်သည်။ **သန်းဇော်(တာချီလိတ်)**



✻ ကျောဖုံးမှ

ငြိမ်းချမ်းအောင်၊ ဆွမ်လမန်စသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး အား/ကာသိပ္ပံအသင်းမှာမူ ဇင်ရဲနောင်၊ သိန်းဇော်သီဟ၊ သန်းတိုးအောင်၊ မိုးဆွေအောင်တို့ဖြင့် လူစုံခဲ့သည်။ မိနစ် ၂၀ တွင် ခိုင်ရဲဝင်းက အား/ကာသိပ္ပံအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ရှစ်မိနစ်အကြာတွင် ဆွမ်လမန်က ဒဂုံစတားယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ပထမပိုင်းတွင် တစ်ဂိုးစီ သရေကျနေသဖြင့် ဒုတိယပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိလာပြီး ၆၃ မိနစ်တွင် အောင်ကျော်နိုင်က ဒဂုံစတားအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဒဂုံစတားအသင်းမှ ဆွမ်လမန်က ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက သုံးပွဲကစား ခြောက်မှတ်၊ အား/ကာသိပ္ပံအသင်းက သုံးပွဲကစား သုံးမှတ် ရရှိထားသည်။

ပွဲစဉ် (၃) ဒုတိယနေ့ကို ဇူလိုင် ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# တသက်သက်

## သိပ္ပံမောင်ဝ

လောကတွင် အမည်းရှိလျှင် အဖြူရှိရမည်။ ဆင်းရဲရှိလျှင် ချမ်းသာရှိရမည်။ သေသောတရားရှိလျှင် မသေသောတရားရှိရမည်။ မုန်းသောသူရှိလျှင်၊ ချစ်သောသူရှိရမည်။ တွဲရေးရှိလျှင် ခွဲရေးရှိရမည်။ တကျက်ကျက်ရှိလျှင် တသက်သက်ရှိရမည်။ သဘောကွဲလွဲခြင်းရှိလျှင် သဘောညီညွတ်ခြင်းရှိရမည်။

ဤကား လောကဓံတရားတို့ပေတည်း။ မည်သူမျှ မလွတ်နိုင်။

ယခင်လက လင်မယားများ တကျက်ကျက်အကြောင်းကို ရေးခဲ့ပြီ။ ၎င်းတို့တစ်ဦးနှင့်တစ်ဦး သဘောကွဲလွဲကြောင်းကို ရေးသားခဲ့ပြီ။ ယခု ၎င်းတို့ တသက်သက်နေသည်ကို ရေးရတော့မည်။ ၎င်းတို့ သဘောညီညွတ်ကြကြောင်းကို ရေးရတော့မည်။ ကိုင်း ရေးတော့မည်။ ရေးပြီ။

မောင်လူအေးနှင့် ခင်သန်းမြင့်ကလေးတို့ကို ကလောင်စာကျွေးတော့မည်။

ကျွေးပြီ။ မောင်လူအေး စခန်းထစေ။

မောင်လူအေးကား မိမိရုံးခန်းထဲတွင် အမှုတွဲတွေ တစ်ပုံကြီးနှင့် အလုပ်များလျက်နေ၏။ ၎င်း၏ ရှေ့စားပွဲပေါ်တွင် တင်ထားသော အမှုတွဲတို့မှာ တစ်မှုပြီးလျှင်တစ်မှု ကြမ်းပြင်ပေါ်ရှိ စာခြင်းထဲသို့ ရွေ့လျောသက်ဆင်း၍ ကျသွားကြလေတော့သည်။ မောင်လူအေး၏ ကလောင်မှာ သွက်၍သွက်၍ လာခဲ့၏။ မောင်လူအေး၏ မျက်စိမှာ စားပွဲရှေ့နံရံတွင် ဆွဲထားသော နာရီသို့သာ ရောက်၍ရောက်၍ သွားကြကုန်၏။

အတန်ကြာလျှင် စားပွဲပေါ်တွင်ရှိသော အမှုတွဲ၊ စာရွက်စာတမ်း အားလုံး စာခြင်းထဲသို့ သက်ဆင်းကုန်ကြလေပြီ။ ဒင် ဒင် ဒင် ဒင် ဒင် ဆိုသော အသံငါးချက်ကိုလည်း မောင်လူအေး၏ နားများက ကြားကြလေပြီ။ မောင်လူအေးလည်း နေရာမှထလေပြီ။ ရုံးမှဆင်းလေပြီ။ အဘယ်ကြောင့် ဤမျှအလျင်လိုပါလိမ့်။

ခင်သန်းမြင့် စခန်းထစေ။ ခင်သန်းမြင့်ကား နောက်ဖေးဝရန်တာတွင် ပန်းထိုးလျက်နေ၏။ ခမ္ဘစကြာရွတ်လျက်၊ ၃ နာရီထိုးပြီ။ လက်ဖက်ရည်ပွဲကို ထမင်းစားခန်းတွင် ပြင်လျက်နေ၏။ ၄ နာရီထိုးပြန်ပြီ။ မောင်လူအေးအလာကို မျှော်၏။ မရောက်လာ။ မောင်လူအေးခြေသံကို နားထောင်၏။ မကြားသေး။ မစောင့်နိုင်။ ဧည့်ခန်းထဲသို့သွားကာ မျှော်၏။ မောင်လူအေး အရောင်ကိုပင် မမြင်ရသေး။ ရုံးဘက်ကို မျက်နှာမူကာ ရွှေလည်တိုင် ဖော့ရိုးကျိုးအောင် မျှော်နေ၏။

၅ နာရီထိုးပြီ။ ယခုမှ မောင်လူအေး ရုံးမှဆင်းလာသည်ကို မြင်ရ၏။ ခင်သန်းမြင့်ကလေး၏ ဝမ်းမြောက်ခြင်းကား ဆိုစရာမရှိပြီ။ မောင်လူအေး အိမ်ဝင်းအတွင်းသို့ မရောက်မီ ခင်သန်းမြင့်ကလေး ပျောက်သွားပြီ။

မောင်လူအေး အိမ်ပေါ်သို့တက်လာပြီးလျှင် ဧည့်ခန်းထဲဝင်၏။ ခင်သန်းမြင့်ကိုမတွေ့။ ထမင်းစားခန်းထဲဝင်၏။ ခင်သန်းမြင့်ကိုမတွေ့။ အိပ်ခန်းထဲတွင် ရှာကာမတွေ့။ ဝရန်တာတွင် ရှာကာမတွေ့။ ရေချိုးခန်းတွေကို သွား၍ခေါက်၏။ ဘာသံမျှမကြား။ တံခါးများကို ဖွင့်၍ကြည့်၏။ မတွေ့။ "မြင့်ရေ"ဟုခေါ်၏။ ထူးသံမကြား။ ထပ်မံကာ ခေါ်၏။ တိတ်လျက်ပင်။ မီးဖိုထဲများ ဆင်းသလားဟု ခပ်ကျယ်ကျယ် ကလေး လှမ်း၍ခေါ်၏။ မထူး။

တပည့်အား ခေါ်မေးမည်ဟုကြံကာ "ထွန်းဖေရေ"ဟု ခေါ်လိုက်တော့မှ အိပ်ရာအောက်မှ ခြေထောက်ကိုဆွဲကာ "ဝါးခနဲ"အော်လိုက်၏။ "မြင့်နော်" ဟုဆိုကာ နှစ်ယောက်သား ဝါးခနဲရယ်ကြလေတော့သည်။ ပီတိတောတွင် မျော၍နေကြလေပြီ။

အတူတကွ အိပ်ခန်းထဲမှထွက်ကြပြီးလျှင် လက်ဖက်ရည် သောက်ကြ၏။ စကားတပြောပြောနှင့် သောမနဿတွေပွားလျက် နေကြလေပြီ။ လက်ဖက်ရည်သောက်ပြီးလျှင် မောင်လူအေးက တယောထိုး၏။ ခင်သန်းမြင့်က စည်းလိုက်လေသည်။ ဘာသီချင်းထိုးသည် မသိ။ ဘာစည်းလိုက်သည် မသိ။ ခင်သန်းမြင့်က ပဋ္ဌာန်းသိခ်နတ်သားနှင့်တူသည်ဟု ချီးမွမ်း၏။ မောင်လူအေးက ဘရဏီနတ်သမီးနှင့် တူသည်ဟု ပြန်၍ဆိုလေသည်။ ဝါးခနဲ ရယ်ကြလေ၏။ ပီတိပွားကြပြန်၏။ သို့နှင့် မှောင်၍လာလေပြီ။

အတန်ကြာလျှင် ညစာစားသောက်ကြရပြန်ပြီ။ ပြီးကြလျှင် စကားအတန်ငယ်ကြာအောင် ပြောကြ၏။ စကားပြောနေခိုက် "အလုပ် လုပ်ရအောင်"ဟု မောင်လူအေးက စလိုက်၏။ ခင်သန်းမြင့်ကလည်း ထ၍သွားလေပြီ။ မကြာမီလက်ထဲတွင် စာရွက်စာအုပ်တွေနှင့် ပြန်လာ၏။ မောင်လူအေးက ထကာ လှမ်းယူ၏။

၎င်းစာအုပ်ကား ရတနာ့ကြေးမုံ စာအုပ်ဖြစ်၏။ စာရွက်တွေကား ပေစာမှ ကူးယူထားသော ရတနာ့ကြေးမုံ လက်ခံစာရွက်တွေ ဖြစ်လေသည်။ ခင်သန်းမြင့်က ကလောင်ကိုကိုင်ကာ စာရွက်တွေကို လှန်၏။ မောင်လူအေးက စာအုပ်ကို ဖွင့်လေသည်။ မောင်လူအေးက စာအုပ်ကို ဖတ်၏။ ခင်သန်းမြင့်က စာရွက်ကို ကြည့်လေသည်။ ပြီးလျှင် စာရွက် အလွတ်ပေါ်တွင် ခင်သန်းမြင့်ကရေး၏။ "လက်ရေးကလေးတွေက ပုံနှိပ်စာလိုပဲ"ဟု မောင်လူအေးကဆို။ "မမြှောက်စမ်းပါနဲ့ ကိုယ်တော်ရယ်"ဟု ဆိုကာပြုံး။

သို့နှင့် ဖတ်ချည်ရေးချည်။ ဘာများလုပ်နေကြပါလိမ့်။ အလိုစာတည်းနေကြပေသတည်း။ မောင်လူအေးက သူတကာလို ဆောင်းပါးတို၊ ဆောင်းပါးရှည်တွေရေးရန် ဝါသနာမပါ။ သို့သော် ရှေးဟောင်းစာများ ထွက်ပေါ်လာရန် ကြိုးစားနေသူတည်း။

သုတေသနအသင်းက ပုံနှိပ်မည်ဖြစ်သော ရတနာကြေးမုံ နန်းတွင်းဇာတ်တော်ကြီးကို တည်းဖြတ်နေခြင်း ဖြစ်လေသည်။ ခင်သန်းမြင့်ကလေးက ကူညီရှာပေသည်။ ပျော်စရာပဲကောင်းသေးတော့။ ပုံနှိပ်စာနှင့် လက်ရေးစာမတူသောနေရာတွင် မည်သည်က မှန်ကြောင်း မောင်လူအေးက ဆွေးနွေး၏။ ခင်သန်းမြင့်လေးက အကြံပေး၏။ သဘောတူရာ ထည့်ကြလေသည်။

ဤသို့ အလုပ်ရှုပ်နေခိုက် မောင်လူအေးက စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကိုထုတ်၏။ ခင်သန်းမြင့်က မီးခြစ်တစ်ချောင်းကို ခြစ်၏။ မောင်လူအေး၏ စီးကရက်သည် ခင်သန်းမြင့်၏ မီးခြစ်ရှိရာသို့ ရောက်လေပြီ။ ခင်သန်းမြင့်၏ မျက်လုံးများကား မောင်လူအေး၏ မျက်လုံးများတွင် ကျက်စားလေပြီ။ ပြုံးကြလေပြီ။ ပီတိတောတွင် မျောပါကြလျက်ပင်။ သဘောတူသူချင်းနေရခြင်းကား ချမ်းသာခြင်း ပေတည်း။ အတန်ကြာလျှင် အလုပ်များ သိမ်းကြလေသည်။

တစ်ခုသော တနင်္ဂနွေနေ့ည ၇ နာရီတွင် ဆေးရုံအစည်းအဝေးသို့ မောင်လူအေး သွားရ၏။ ခင်သန်းမြင့်က မြန်မြန်ပြန်လာရန် မှာလိုက်၏။ ပြီးလျှင်ပြီးချင်း ပြန်လာမည်ဟုပြောကာ ထွက်သွားလေပြီ။

၈ နာရီထိုးပြီ။ မလာသေး။ ခင်သန်းမြင့်ကား ဇာထိုးရင်း အိပ်ခန်းထဲတွင် စောင့်စားနေ၏။ ၉ နာရီထိုးပြီ။ မလာသေး။ စိတ်ပူ၍လာလေပြီ။ ဧည့်ခန်းသို့ ထွက်ပြီးလျှင် မှန်ရွှေပြတင်းက လမင်းကိုရှုရင်း လာနိုးရယ် ခင်မျှော်ဖြစ်၏။ မပေါ်လာ။ စိတ်ပူသည် ထက် ပူ၍လာ၏။

ဧည့်ခန်းထဲတွင် အနည်းငယ် အေးသည်နှင့် အိပ်ခန်းထဲဝင်၍ စောင်ကိုယူ၏။ အိပ်ရာပေါ်တွင် စောင်ကြီးခြုံလျက် အိပ်နေသူ တစ်ယောက်ကိုမြင်လျှင် "အောင်မယ်လေး ကိုကိုရဲ့"ဟု အော်ပြီး ပြေးမည်အပြု စောင်ကိုခွာကာ "ကိုကို သည်မှာလေ"ဟု ဝါးခနဲရယ်၏။ ခင်သန်းမြင့်ကလေး ပြေးပြီး မောင်လူအေး၏ ကျောကိုဖြောတီး လေတော့သည်။ "မြင့် လက်နဲ့ထုတာ ဝါဂွမ်းနှင့် သပ်သလိုပါပဲ"ဟု မောင်လူအေးက ဆိုကာ ရယ်၏။ "နာမှာစိုးလို့" ဟု ဆိုကာ ပြုံး၏။

ဝန်ထောက်ပေမယ့် တော်တော်အနောက်သား။ ကြည့်ပါဦး၊ နောက်ဖေးလှေကားကတက်ပြီး အိပ်ခန်းထဲဝင်ကာ စောင်ခြုံနေသတဲ့။ တကယ့်လူ၊ နောက်တော့ နောက်တတ်ပလေတယ်။ နှစ်ယောက်သား တဟားဟားနှင့် ဟား၍ပွဲမဆုံးနိုင်။ တပြုံးပြုံးနှင့် ပြုံး၍မဆုံးနိုင်။

မနက်ဖြန်နံနက်စောစော မောင်လူအေး တောသွားရဦးမည်။ မသွားချင်။ ခင်သန်းမြင့်၏ အချစ်ငွေ့တွင် လှုံနေချင်၏။ ခင်သန်းမြင့်ကလည်း မလွှတ်ချင်။ မောင်လူအေး၏ အချစ်ငွေ့ကိုလှုံနေချင်လေသည်။

မနက်ဖြန်နံနက် ၄ နာရီတွင် ခင်သန်းမြင့် အိပ်ရာမှထလေပြီ။ မောင်လူအေးကား အိပ်တုန်း။ ခင်သန်းမြင့်သာ အလုပ်များလျက်နေ၏။ မောင်လူအေး ဝတ်သွားရန် အဝတ်တို့ကိုထုတ်၏။ မသွားခင် သောက်သွားရန် လက်ဖက်ရည်ကို ပြင်၏။ ယူသွားရန်ရှိသည့် ပစ္စည်းများကို မမေ့သွားအောင် စေ့စပ်၏။

၅ နာရီထိုးပြီ။ သည်တော့မှ မောင်လူအေး အိပ်ရာမှ နိုးထလေတော့၏။ မျက်နှာသစ်၊ အဝတ်အစားများဝတ်ပြီးလျှင် နှစ်ယောက်သား လက်ဖက်ရည်စားပွဲတွင် ထိုင်၏။ လက်ဖက်ရည်သောက်ရင်း ခင်သန်းမြင့်က တောမှာ ဘယ်လောက်ကြာမည်လဲမေး။

"ငါးရက်ကြာမည်"ဟု ဖြေ။

မြင့် ။ ။ "မလျှော့နိုင်ဘူးလား"

အေး ။ ။ "အလုပ်များလို့ ငါးရက်ထက်တော့ မလျှော့နိုင်"

မြင့် ။ ။ "တောမှာ ဘာမှမကြားပါရစေနဲ့နော်"ဟု ရယ်ကာပြော

အေး ။ ။ "အောင်မယ်လေးဟဲ့... မယုံလို့လား။ စိတ်များတောင် မကူးပေါင်ဗျာ"

မြင့် ။ ။ "မသိဘူးလေ။ ဝန်ထောက်တွေအကြောင်း ခဏခဏကြားရတယ်။"

အေး ။ ။ "မယုံရင်.. ကိုင်း လိုက်ခဲ့ပေတော့။"

မြင့် ။ ။ "ယုံတယ်။ လိုက်ခဲ့မယ်။"

ခင်သန်းမြင့်ကလေး တောလိုက်ရန် အဝတ်အစားတွေ ပြင်လေပြီ။ ပြီးလျှင်နှစ်ယောက်သား တောသို့ထွက်သွားကြလေသတည်း။ ပြောပြောဆိုဆို ရယ်ရယ်မောမော တသောသောနှင့်ပင်။ ဤတွင် မောင်လူအေး ထိုဇာတ်ကို တစ်ခန်းရပ်မည်။ ။

၁၉၃၃ ခုနှစ်၊ စက်တင်ဘာလ၊ ဒဂုန်မဂ္ဂဇင်း။

"၎င်းစာအုပ်ကား ရတနာ့ကြေးမုံ စာအုပ်ဖြစ်၏။ စာရွက်တွေကား ပေစာမှကူးယူထားသော ရတနာ့ကြေးမုံ လက်ခံစာရွက်တွေ ဖြစ်လေသည်။ ခင်သန်းမြင့်က ကလောင်ကိုကိုင်ကာ စာရွက်တွေကို လှန်၏။ မောင်လူအေးက စာအုပ်ကို ဖွင့်လေသည်။ မောင်လူအေးက စာအုပ်ကို ဖတ်၏။ ခင်သန်းမြင့်က စာရွက်ကို ကြည့်လေသည်။ ပြီးလျှင် စာရွက် အလွတ်ပေါ်တွင် ခင်သန်းမြင့်ကရေး၏။ "လက်ရေးကလေးတွေက ပုံနှိပ်စာလိုပဲ"ဟု မောင်လူအေးကဆို။ "မမြှောက်စမ်းပါနဲ့ ကိုယ်တော်ရယ်"ဟုဆို"

"သုတေသနအသင်းက ပုံနှိပ်မည်ဖြစ်သော ရတနာကြေးမုံ နန်းတွင်းဇာတ်တော်ကြီးကို တည်းဖြတ်နေခြင်း ဖြစ်လေသည်။ ခင်သန်းမြင့်ကလေးက ကူညီရှာပေသည်။ ပျော်စရာပဲကောင်းသေးတော့။ ပုံနှိပ်စာနှင့် လက်ရေးစာမတူသောနေရာတွင် မည်သည်ကမှန်ကြောင်း မောင်လူအေးက ဆွေးနွေး၏။ ခင်သန်းမြင့်လေးက အကြံပေး၏။ သဘောတူရာ ထည့်ကြလေသည်။"

# အားကစားမှ နိုင်ငံတော်အတွက် အကျိုးပြုနေသည့်အချက်များအကြောင်း တစေ့တစောင်း

ကိုဌေး(ကနောင်)

အားကစားနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှုများစွာရှိသည့်အနက် "အားကစားသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ရပ်၏ အမှတ်လက္ခဏာဖြစ်သည်ဟု မှတ်ယူကြသည်။ တစ်နည်းအားဖြင့် အားကစားသည် လူသားထုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးကို ရေးရှုသော ပျော်ရွှင်ရင်ခုန်ကြည်နူးဖွယ် လှုပ်ရှားမှုအဖြစ် လူတစ်စု၊ လူတစ်ဖွဲ့မှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးမှသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံချင်းစီအကြား လူသားဆန်သော အပြန်အလှန်ရင်းနှီးချစ်ကြည်မှုကို ဖန်တီးပေးနိုင်သည့် ကမ္ဘာ့ငြိမ်းချမ်းရေး၏ သံတမန်အခင်းအကျင်းတစ်ရပ်အဖြစ်ဖြင့် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်း တည်းဟူသော လောကပါလတရားများကိုပင် ဖြစ်ထွန်းစေနိုင်သည်ဟု မျှော်လင့်ယုံကြည်ကြသည်" ဟူ၍လည်း ဖွင့်ဆိုကြပါသည်။



၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို တွေ့ရစဉ်။

### အားကစားသည် နိုင်ငံတစ်ခု၏ဂုဏ်

ယနေ့ကမ္ဘာတွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ နည်းလမ်းကြံဆ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။ အကြောင်းမူကား အားကစားသည် နိုင်ငံတိုင်းအတွက် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရန် များစွာအထောက်အကူပြုနေသကဲ့သို့ အားကစားအောင်မြင်မှုသည် နိုင်ငံအတွက် ပုံရိပ်ကောင်းတစ်ခုနှင့် နိုင်ငံ့ဂုဏ်မြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုလျက်ရှိနေပြန်ပါသည်။ ထို့ပြင် နိုင်ငံ၏ အားကစား ထူးချွန်ထက်မြက်မှုနှင့် ထိုထက်မြက်မှုများကြောင့် ပေါ်ထွက်လာသည့် ပုံရိပ်ကောင်းများကို ကမ္ဘာတစ်လွှားသို့ ဖြန့်ကြက်ပျံ့နှံ့သိရှိစေခြင်းကြောင့် ဖြစ်ပါသည်။

### အားကစားမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမှုများ

အားကစားမှ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း များစွာအထောက်အကူပြုနေပါသည်။ အားကစားလှုပ်ရှား ဆောင်ရွက်မှုများ ကိုယ်တိုင်က စီးပွားရေးလုပ်ငန်းတစ်ရပ်လည်း ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးလျက်ရှိနေပြန်ပါသည်။ ဆိုလိုသည်မှာ အားကစားပစ္စည်းများ တပ်ဆင်ခြင်း၊ အားကစား ပစ္စည်းကိရိယာနှင့် အားကစားဝတ်စုံများ ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် နည်းပြလုပ်ငန်း၊ သရုပ်ပြဆရာများ၊ အားကစား ကင်းထောက်နှင့် ကိုယ်စားလှယ်အေးဂျင့်များ၊ အားကစားပြိုင်ပွဲများကို တာဝန်ယူကျင်းပပေးသော အဖွဲ့အစည်းလုပ်ငန်းများ၊ အားကစားအသိုက်အဝန်း တစ်ခုလုံးကို လွှမ်းခြုံချိတ်ဆက်နိုင်သည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် (Sports Marketing) အားကစားဈေးကွက် ရှာဖွေရေးလုပ်ငန်းများသည် အားကစားကို အခြေခံပြီး ပေါ်ထွန်းလာသည့် လုပ်ငန်းများ ဖြစ်ပါသည်။

### နိုင်ငံတကာအားကစားပြိုင်ပွဲများ လက်ခံကျင်းပခြင်း၏ အကျိုးများ

နိုင်ငံတကာအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းကလည်း အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် များစွာ အကျိုးရှိစေပါသည်။ နိုင်ငံတကာအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများ အနေဖြင့် အားကစားနည်းအလိုက် အခြေခံ အဆောက်အအုံများနှင့် အပေါ်ထပ်အဆောက်အအုံများဟု ခေါ်ဆိုနိုင်သည့် အုပ်ချုပ်ရေးစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများအပါအဝင် စားသောက်ဆိုင်နှင့် နေရာထိုင်ခင်းများ၊ အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ တည်းခိုနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ အမှတ်တရနှင့် အထိမ်းအမှတ်ပစ္စည်း အရောင်းဆိုင်များနှင့် ယာယီလုပ်ငန်းများ၊ ဆက်သွယ်ရေးနှင့် ဈေးကွက်ရှာဖွေရေးလုပ်ငန်းများ၊ ပုံနှိပ်ထုတ်ဝေရေးနှင့် မီဒီယာလုပ်ငန်းများ၊ လက်မှတ်ရောင်းချခြင်းနှင့် ခရီးသွားလုပ်ငန်းများစသော ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရေးကို များစွာအထောက်အကူပြုလျက်ရှိပါသည်။ သို့ဖြစ်၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းများအပါအဝင် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုလျက်ရှိပါသည်။

### နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ခြင်း၏ အကျိုးများ

နိုင်ငံတကာ အားကစားပြိုင်ပွဲများအား သွားရောက်ယှဉ်ပြိုင်ကြသည့် အားကစား မောင်/မယ်များအနေဖြင့်လည်း ပြိုင်ပွဲကျင်းပသည့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဘာသာစကားများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ လေ့လာသိရှိနိုင်သည့်အပြင် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများနှင့် အပြန်အလှန်ပြောဆိုဆက်ဆံခြင်းမှတစ်ဆင့် မိတ်ဆွေကောင်းများရရှိစေပြီး သက်ဆိုင်ရာ နိုင်ငံများ၏ အားကစားဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ နည်းပညာဆိုင်ရာကိစ္စရပ်များနှင့် သိရှိလိုသည့် အကြောင်းအရာများအား မေးမြန်းစူးစမ်းနိုင်ပြီး အထွေထွေဗဟုသုတများ တိုးပွားလာနိုင်ပါသည်။ ထို့ပြင် ပြိုင်ပွဲဝင်နိုင်ငံများမှ ပြိုင်ဘက်အားကစားသမားများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များကို ကြည့်ရှုသုံးသပ်ပြီး မိမိတို့၏ အားနည်းချက်များကို ပြုပြင်နိုင်သည့်အပြင် အားသာချက်များကို နောင်လာမည့် ပြိုင်ပွဲများတွင် ပိုမိုအားသာမှုများရရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မည့် အခွင့်အရေးများလည်း ရရှိလာနိုင်ကြမည်ဖြစ်ပါသည်။

### အားကစားမှနိုင်ငံတော်အတွက် အကျိုးပြုနေသည့်အချက်များ

အားကစားကဏ္ဍသည် နိုင်ငံတော်၏ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာစေရေး၊ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေး၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်လူရွယ်များ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးများအပြင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပိုမိုရင်းနှီးချစ်ခင်လာစေရေး၊ ဇာတိသွေး ဇာတိမာန်များ ပိုမိုထက်သန်လာစေရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတို့အတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် အားကစားကဏ္ဍ တိုးတက်မြင့်မားလာစေရေးအတွက် ဘက်ပေါင်းစုံမှ အားပေးဆောင်ရွက်လျက်ရှိနေခြင်းလည်း ဖြစ်ပါသည်။ အားကစားကဏ္ဍမှ နိုင်ငံတော်အတွက် အကျိုးပြုနေသည့် အဓိကအချက်(၅)ချက်အဖြစ် လူငယ်၊ ကျန်းမာရေး၊ ဂုဏ်သိက္ခာ၊ အပြန်အလှန် ဆက်ဆံရေးနှင့် စိတ်ဓာတ် စသည့်အချက်များတွင် အကျိုးပြုလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

**Youth–လူငယ်များ။** နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၏ အနာဂတ်တာဝန်များအား ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အရည်အချင်းပြည့်ဝမှု၊ စိတ်ဓာတ်ရေးရာမြင့်မားမှုအခြေအနေများပေါ်တွင် အပြည့်အဝမူတည်လျက်ရှိပါသည်။ သို့ဖြစ်၍ လူငယ်လူရွယ်များကို ဘက်စုံထောင့်စုံမှ အရည်အသွေးမြှင့်တင်ပေးရန်မှာ နိုင်ငံတော်က အလေးထားဆောင်ရွက်ရမည့် အရေးအကြီးဆုံးလုပ်ငန်း ကဏ္ဍတစ်ရပ်လည်းဖြစ်ပါသည်။ ယနေ့ကမ္ဘာတွင် အရည်အသွေးပြည့်ဝသော လူငယ်အဖွဲ့အစည်းများကို ပိုင်ဆိုင်သည့်နိုင်ငံများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီး ဆက်လက်၍လည်း တိုးတက်မည့် အလားအလာကောင်းများ ရှိနေသည်ကို မြင်တွေ့နေရပါသည်။ လူငယ်ဘဝမှ လူကြီးဘဝသို့ ကူးပြောင်းသည့်ကာလသည် လှုပ်ရှားပြောင်းလဲမှုများ၊ ဖြစ်လွယ်ပျက်လွယ်သော ကာလဖြစ်ခြင်းကြောင့် လူငယ်များကို မှန်ကန်သည့် လမ်းကြောင်းပေါ် ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများအဖြစ်သို့ ရောက်ရှိစေရေး စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

အနာဂတ်ကာလတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပခုံးပြောင်း တာဝန်ယူဆောင်ရွက်သွားကြရမည့် လူငယ်များအား အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင်နိုင်ရေးအတွက် နိုင်ငံသားများအား အားကစားမှတစ်ဆင့် လူ့အဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရန်နှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို စိတ်ပါဝင်စားစွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယနေ့ခေတ် လူငယ်များအတွက် အဓိကခြိမ်းခြောက်မှုတစ်ခုမှာ မူးယစ်ဆေးဝါးပြဿနာနှင့် Game အလွန်အကျွံ စွဲလမ်းမှုပြဿနာပင် ဖြစ်ပါသည်။

စာမျက်နှာ ၂၃ သို့ ❐

**❝ အားကစားဆိုင်ရာခံယူချက်တွင် "အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်တည်ဆောက်နေခြင်း ဖြစ်ပါသည်"ဟု ဖော်ပြထားပါသည်။ ကျေးရွာတစ်ရွာနှင့်တစ်ရွာ အားကစားပြိုင်လျှင် မိမိရွာ အနိုင်ရလိုကြသည်။ အလားတူ မြို့နယ်ချင်းပြိုင်လျှင် ကိုယ့်မြို့နယ်၊ ခရိုင်ချင်းပြိုင်လျှင် ကိုယ့်ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ပြိုင်လျှင် ကိုယ့်ပြည်နယ်၊ တိုင်းဒေသကြီး နိုင်လိုကြသည်။ နောက်ဆုံးအဆင့် နိုင်ငံချင်းပြိုင်လျှင် မိမိနိုင်ငံ အနိုင်ရလိုကြသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ့်ကျေးရွာကို ချစ်သည့်စိတ်၊ ကိုယ့်မြို့၊ ကိုယ့်ခရိုင်၊ ကိုယ့်ပြည်နယ်၊ ကိုယ့်တိုင်းကို ချစ်သည့်စိတ်ဖြစ်လာအောင် တစ်နည်းအားဖြင့် အမျိုးကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်၊ အမျိုးကိုထိရင် မချီအောင်နာတတ်သည့် မျိုးချစ်စိတ်များဖြစ်ပေါ်လာအောင် အားကစားဖြင့် လုပ်ဆောင်ပေးနိုင် ❞**

❒ စာမျက်နှာ ၂၂ မှ

မူးယစ်ဆေးဝါးစကားလုံးသည် အလွန်ကျယ်ပြန့်လှပါသည်။ ကွမ်းယာစားသုံးခြင်းမှစ၍ အရက်၊ ဆေးလိပ်၊ ဘီယာသောက်သုံးခြင်း၊ စိတ်ငြိမ်ဆေး၊ ဆေးပြား၊ ဘိန်းဖြူ၊ ဘိန်းမည်းများ သုံးစွဲခြင်းအထိ ပါဝင်ပါသည်။ ယနေ့ခေတ်သည် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ လူငယ်များအတွက် အားကစားနှင့် ကစားခုန်စားလှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ အားကစားသင်တန်းများ တက်ရောက်သင်ကြားခြင်း၊ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း စသောအားလပ်ချိန်အား အကျိုးရှိစွာအသုံးချမှုများသည် လူငယ်များ၏ စိတ်ဓာတ်ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကိုယ်ကာယ ကြံ့ခိုင်ဖွံ့ဖြိုးမှုများအတွက်လည်း အရေးကြီးလှပါသည်။

သို့ဖြစ်၍ မျိုးဆက်သစ်လူငယ်လူရွယ်များအား အချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရေးနှင့် ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျောင်းပိတ်ရက်များတွင် အားကစားသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ(အခြေခံနှင့်အဆင့်မြင့်) အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းများဖြင့် အားလပ်ချိန်များတွင် စိတ်လေလွင့်နေမည့် လူငယ်များကို အားကစားဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည့်အတွက် အားကစားဖြင့် နိုင်ငံတော်အား အကျိုးပြုနေသည့် အချက်တစ်ချက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**Health – ကျန်းမာရေး။** အားကစားနှင့် ကျန်းမာရေးသည် တိုက်ရိုက်အချိုးကျလျက်ရှိပါသည်။ ဆေးရုံ၊ ဆေးခန်းများတွင် လူနာများများပြားနေမည်ဆိုပါက လူငယ်လူရွယ်များ အပါအဝင် ပြည်သူများအနေဖြင့် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်မှု နည်းပါးနေခြင်းကြောင့် ဖြစ်ပါသည်။ ပြည်သူများအနေဖြင့် ပင်ကိုကျန်းမာရေးအသိဖြင့်သာ အားကစားလှုပ်ရှားဆောင်ရွက်မှုများ ပုံမှန်ပြုလုပ်ဆောင်ရွက်ကြမည်ဆိုပါလျှင် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်ပြီး ဆေးရုံ၊ ဆေးခန်းများသို့ လူသူအရောက်အပေါက် နည်းပါးသွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတစ်ဦးတည်း၏ အမြင်အနေဖြင့် ပြည်သူများ သက်ရှည်ကျန်းမာကြံ့ခိုင်စေရေး အားကစားလှုပ်ရှားမှုများ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဆေးရုံ၊ ဆေးခန်းများ တည်ဆောက်ခြင်းထက် အားကစားကွင်း/အားကစားရုံများ ပိုမိုတိုးမြှင့်တည်ဆောက်ပေးရန် လိုအပ်ပါသည်။ ကျန်းမာရေးဌာန၏ **"ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းမွန်သည်"** ဆိုသည့် ဆောင်ပုဒ်အရ ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါဖြစ်မှကုသခြင်းထက် အားကစားကွင်း/အားကစားရုံများတွင် အားကစားလှုပ်ရှားဆောင်ရွက်မှုများပြားလာအောင် စည်းရုံးဆောင်ရွက်ခြင်း၊ နယ်ပယ်ဒေသကဏ္ဍအစုံတွင် အားကစားပြိုင်ပွဲမျိုးစုံအား စဉ်ဆက်မပြတ် ပုံမှန်ကျင်းပပေးခြင်း၊ လူထုအားကစားလှုပ်ရှားမှုများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်ခြင်းများအား ပြုလုပ်ပေးပါက ပြည်သူအများကျန်းမာရေးကောင်းမွန်လာပြီး ရောဂါဖြစ်ပွားခြင်းများမှအလိုလိုကြိုတင်ကာကွယ်ပြီးသား ဖြစ်သွားနိုင်မည်ဖြစ်ပါသည်။ **အက်ဒွပ်စွာထရန်**ဆိုသည့် ပညာရှင်တစ်ဦးက **"ကိုယ်လက်လှုပ်ရှား အားကစားလုပ်ရန် အချိန်မပေးနိုင်ဟုဆိုသူများသည် အနေးနှင့်အမြန်ဆိုသလို ရောဂါဝေဒနာများအတွက် အချိန်ပေးလာရလိမ့်မည်"** ဟု ပြောကြားခဲ့ဖူးပါသည်။ သို့ဖြစ်၍ လူတစ်ဦးတစ်ယောက်ချင်းမှသည် မိသားစုတစ်စု အဖွဲ့အစည်းတစ်ခုမှသည် ပြည်သူအားလုံး ပင်ကိုကျန်းမာရေးအသိဖြင့် အားကစားလုပ်ဖို့ နေ့စဉ်အချိန်အနည်းငယ်ပေး၍ ဆောင်ရွက်ရုံမျှဖြင့် ကျန်းမာခြင်းသုခကို မုချရရှိကြမည်ဖြစ်ပါသည်။ နိုင်ငံတော်က ချမှတ်ထားသည့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးဆိုသည့် အဓိကရည်မှန်းချက်ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက လုပ်ဆောင်ပေးနေသည့်အပြင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော လူငယ်များကို ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများဖြစ်လာစေရေးအတွက် အားကစားဖြင့် ဆောင်ရွက်ပေးနေခြင်းကြောင့် နိုင်ငံတော်အား အကျိုးပြုနေသည့် အချက်တစ်ချက်အဖြစ် သတ်မှတ်ရှုမြင်မိပါသည်။

**Prestige – ဂုဏ်သိက္ခာ။** လူသားတစ်ဦးချင်းအနေဖြင့် ဘဝတွင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်နိုင်ရန် အရေးကြီးပါသည်။ မိမိနေထိုင်သည့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးမှသည် နိုင်ငံအဆင့်အထိ နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် မြို့နယ်တစ်မြို့နယ်တွင် ကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်၊ ကျေးရွာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အနိုင်ရသည့်ကျေးရွာအနေဖြင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုအတွက် ကုန်ကျစရိတ်များမှာ ပြိုင်ပွဲတွင် ပထမရသည့် ဆုကြေးထက် အဆပေါင်းများစွာ ကုန်ကျခံပြီး ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းမှာ မိမိကျေးရွာ၏ ဂုဏ်သိက္ခာအတွက် ဖြစ်ပါသည်။ ကျေးရွာချင်းယှဉ်လျှင် မိမိကျေးရွာသာစေချင်သည်မှာလည်း ဂုဏ်သိက္ခာအတွက်ပင် ဖြစ်ပါသည်။ နိုင်ငံတော်၏ အားကစားဆိုင်ရာ ခံယူချက်တွင်လည်း **"အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်"** ဟု သတ်မှတ်ထားပါသည်။ နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ အားကစားနည်းတစ်ခုခုတွင် ရွှေတံဆိပ်ရရှိပါက ရရှိသည့်နိုင်ငံ၏ အလံအား လွှင့်တင်ပြီး နိုင်ငံတော်သီချင်းဖွင့်ပါက ကျန်ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများ၊ တာဝန်ရှိသူများနှင့် ပရိသတ်များကပါ မတ်တတ်ရပ်၍ အလေးပြုကြရသည်။ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၈၆ ခု ဆွတ်ခူးရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံတော်အလံကို တိုင်ထိပ်မှာတင် မြန်မာနိုင်ငံတော်သီချင်းဖွင့်ပြီး အလေးပြုခဲ့ရသည့် ၈၆ ကြိမ်၌ မျက်ရည်ကျသည်အထိ ဝမ်းသာပီတိများနှင့် ဂုဏ်ယူခဲ့ကြရပါသည်။ ဤကဲ့သို့ ဂုဏ်သိက္ခာကို လိုချင်သည့်အတွက် တစ်နှစ်တာပတ်လုံး ငွေကြေးသန်းပေါင်းများစွာ အကုန်အကျခံ စခန်းသွင်းလေ့ကျင့်ပြီး အောင်မြင်မှုရအောင် ကြိုးပမ်းတည်ဆောက်ခဲ့ကြခြင်းဖြစ်ပါသည်။ ယခင်အားကစားဝန်ကြီးအဖြစ် တာဝန်ယူခဲ့ဖူးသူ သူရဦးအေးမြင့်က အခမ်းအနားတစ်ခုတွင် **"အားကစားဟာ သာမန်အားဖြင့်ကြည့်လျှင် ဘာမှအရေးမပါတဲ့ အသေးအဖွဲ့ကိစ္စလို့ ထင်ရပေမယ့် နိုင်ငံတစ်ခုနဲ့တစ်ခု ယှဉ်လာလို့ရှိရင် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်များ ရှင်သန်ပေါက်ဖွားလာစေပြီး ပြည်သူတစ်ရပ်လုံး တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ဖြစ်သွားစေတဲ့အရာဟာ အားကစားပဲဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ ပြည်သူအများရဲ့ ရှေ့မှောက် TV ဖန်သားပြင်ပေါ်မှာယှဉ်ပြိုင်နေရတဲ့ ဝန်ကြီးဌာနဟာလည်း အားကစားဝန်ကြီးဌာနပါပဲ"** လို့ ပြောဆိုခဲ့တာကိုလည်း ယနေ့အချိန်အထိ ရင်ထဲစွဲနေအောင် မှတ်မိနေဆဲဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ယှဉ်ပြိုင်သည့်အခါ မိမိနိုင်ငံ၏ ဂုဏ်သိက္ခာ တိုးတက်မြင့်မားရေးကို အားကစားဖြင့် လုပ်ဆောင်ပေးနေခြင်းဖြစ်သည့်အတွက် အားကစားဖြင့် နိုင်ငံတော်ကိုအကျိုးပြုနေသည့် အချက်တစ်ချက်အဖြစ် သတ်မှတ်ရှုမြင်မိပါသည်။

**Exchange–အပြန်အလှန်ဆက်ဆံရေး။** အားကစားပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများနှင့် ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံများမှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ လေ့လာသူများ၊ မီဒီယာသမားများသည် အိမ်ရှင်နိုင်ငံနှင့် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ နည်းပညာဆိုင်ရာများအပါအဝင် သက်ဆိုင်ရာကဏ္ဍ နယ်ပယ်အလိုက် ကူးလူးဆက်ဆံမှုများပြုလုပ်ကြရပါသည်။ ၎င်းအပြင် သွားရောက်သည့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်သည့် ကဏ္ဍပေါင်းစုံအား အတုယူလေ့လာနိုင်သကဲ့သို့ မိမိတို့နိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဆိုပါကလည်း အထက်တွင် တင်ပြခဲ့သည့်အတိုင်း ကဏ္ဍပေါင်းစုံမှ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ခွင့်ရရှိပြီး နိုင်ငံခြားဝင်ငွေများရရှိကာ မိမိနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ အားကစားပြိုင်ပွဲများအား သွားရောက်ယှဉ်ပြိုင်ရာတွင်ဖြစ်စေ၊ ပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပရာတွင်ဖြစ်စေ၊ နိုင်ငံပေါင်းစုံနှင့် အပြန်အလှန်ဆက်သွယ်ဆက်ဆံနေရသည့် အားကစားကဏ္ဍသည်လည်း နိုင်ငံတော်အား အကျိုးပြုနေသည့် အချက်တစ်ချက်အဖြစ် သတ်မှတ်ရှုမြင်မိပါသည်။

**Morale – စိတ်ဓာတ်။** စိတ်ဓာတ် အထူးသဖြင့် အားကစားစိတ်ဓာတ်သည် လွန်စွာအရေးကြီးပါသည်။ လူတိုင်းလူတိုင်းဘဝတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ဖူးကြပါလိမ့်မည်။ အားကစားစိတ်ဓာတ်အပြည့်အဝရှိသူ တစ်ယောက်ဆိုလျှင် မည်သည့်အခက်အခဲပင် တွေ့ကြုံရပါစေ၊ အနိုင်မခံ အရှုံးမပေးသည့်စိတ်ဓာတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့် စိတ်ဓာတ်များဖြင့် ရင်ဆိုင်ကျော်ဖြတ်သွားနိုင်သည့် စိတ်ဓာတ်မျိုးကို အားကစားမှ ပေးစွမ်းနိုင်ပါသည်။ အားကစားဆိုင်ရာခံယူချက်တွင် **"အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်တည်ဆောက်နေခြင်းဖြစ်ပါသည်"** ဟု ဖော်ပြထားပါသည်။ အားကစားလုပ်ခြင်းဖြင့် ဘာကြောင့်နိုင်ငံတော်ကိုတည်ဆောက်နိုင်ရတာလဲလို့ မေးစရာရှိလာပါလိမ့်မည်။ အထက်တွင် တင်ပြထားခဲ့သည့် ဂုဏ်သိက္ခာဆိုသည့် စာပိုဒ်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျေးရွာတစ်ရွာနှင့် တစ်ရွာ အားကစားပြိုင်လျှင် မိမိရွာ အနိုင်ရလိုကြသည်။ အလားတူ မြို့နယ်ချင်းပြိုင်လျှင် ကိုယ့်မြို့နယ်၊ ခရိုင်ချင်းပြိုင်လျှင် ကိုယ့်ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက်ပြိုင်လျှင် ကိုယ့်ပြည်နယ်၊ တိုင်းဒေသကြီး နိုင်လိုကြသည်။ နောက်ဆုံးအဆင့် နိုင်ငံချင်းပြိုင်လျှင် မိမိနိုင်ငံ အနိုင်ရလိုကြသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ့်ကျေးရွာကို ချစ်သည့်စိတ်၊ ကိုယ့်မြို့၊ ကိုယ့်ခရိုင်၊ ကိုယ့်ပြည်နယ်၊ ကိုယ့်တိုင်းကို ချစ်သည့်စိတ်ဖြစ်လာအောင် တစ်နည်းအားဖြင့် အမျိုးကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်၊ အမျိုးကိုထိရင် မချိအောင်နာတတ်သည့် မျိုးချစ်စိတ်များဖြစ်ပေါ်လာအောင် အားကစားဖြင့် လုပ်ဆောင်ပေးနိုင်သည့်အတွက် နိုင်ငံတော်အား အကျိုးပြုနေသည့် အချက်တစ်ချက်အဖြစ် သတ်မှတ်ရှုမြင်မိပါသည်။

**အားကစားကဏ္ဍတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်**

အထက်တွင် တင်ပြခဲ့သည့်အတိုင်း နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ အကျိုးပြုနေသည့် အားကစားကဏ္ဍအား နိုင်ငံတော်အကြီးအကဲကိုယ်တိုင်အားပေးဆောင်ရွက်လျက်ရှိနေသည့် အချိန်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လက်ရွေးစင်ဟောင်းများအသင်း၊ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့်မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဇူလိုင် ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ လွိုင်ကော်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ် သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်း သင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅၊ ဘဏ္ဍာရေးနှစ် တတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်း အား ၂၂-၇-၂၀၂၄ ရက်မှ ၃၀-၈-၂၀၂၄ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်-

- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၀၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘုတာအနီး၊တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၇၇၃
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)
  အမှတ်-၂၈ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊
  ၀၄၂-၂၀၀၃၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (လွိုင်ကော်)
  အမှတ်-၈၂၊ အင်းကန်းငါးဆူကျေးရွာအုပ်စု၊ အင်းကန်းကျေးရွာ၊
  ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်ကော်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)
  အကွက်အမှတ်(၂၄)၊ ဆန်ချိတ်ရှဲ့ချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊
  တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၆

သတင်းစဉ်

# မြန်မာအမျိုးသမီးလိဂ် ပွဲစဉ်(၈)အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်း ဆက်လက်ဦးဆောင်

ရန်ကုန် ဇူလိုင် ၁၉

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)ကို ဇူလိုင်၁၇၊၁၈ရက်က ဆက်လက်ကျင်းပရာရန်ကုန်ယူနိုက်တက် အသင်း ဆက်လက်ဦးဆောင်နေသည်။

ပွဲစဉ်(၈)တွင် ရန်ကုန်ယူနိုက်တက်အသင်းက YREO အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အား/ကာသိပ္ပံအသင်းက လက်ရှိ ချန်ပီယံ မြဝတီအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ရှေ့ဝတီအသင်းက ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ်(၈)အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ၁၈ မှတ်၊ အား/ကာသိပ္ပံအသင်းက ခုနစ်ပွဲကစား ၁၇ မှတ်၊ ရှေ့ဝတီအသင်းက ခုနစ်ပွဲကစား ၁၃ မှတ်၊ လက်ရှိ ချန်ပီယံ မြဝတီအသင်းက ခုနစ်ပွဲကစား ၁၀ မှတ်၊ သစ္စာ အားမာန်အသင်းက ခြောက်ပွဲကစား ရှစ်မှတ်၊ YREO အသင်း က ခုနစ်ပွဲကစား သုံးမှတ်ရရှိထားပြီး ရှမ်းယူနိုက်တက်အသင်း မှာမူ ခုနစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ကိုညီလေး


## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၊ မြေကွက်အမှတ်-၅၀၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနတွင် ဒေါ်နီနီရီ[၁၂/ဥကတ(နိုင်)၀၂၅၁၀၀]နှင့် ဦးထွန်းတင် [၁၂/ဥကတ (နိုင်) ၀၀၂၇၆၅] တို့(၂)ဦးအမည်ပေါက်လျက်ရှိသောနှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ကြီးအနက်မှ **တရားဝင် မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ (ခေါင်းရင်းဘက်ခြမ်း)၊ အကျယ်အဝန်း(၃၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အမှတ် - ၅၀၊ တကောင်း (၂)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်နှင့်ဆိုင်ခန်း (၁)ခန်း၊ ရေ+မီး+ မော်တာ အပါ အဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမည်ပေါက်ပိုင်ရှင် ဦးထွန်းတင် ပိုင်ဆိုင်သောမြေကွက် ဖြစ်ပါသည်။** ဖော်ပြပါမြေကွက်အား အမည်ပေါက်ပိုင်ရှင် ဦးထွန်းတင် ကွယ်လွန်သွားရာ ၎င်း၏သားသမီး ရောင်းသူများ ဖြစ်ကြသည့် ၁။ ဦးကျော်ဝင်း [၁၂/ဥကတ(နိုင်)၁၂၅၈၅၈] (ကွယ်လွန်သူ ဒေါ်မြမုံ၏ခင်ပွန်း)၊ ၂။ ဦးညွန့်သန်း [၁၂/ဥကတ(နိုင်)၀၇၃၆၈၁]၊ ၃။ ဒေါ်ညွန့်ရီ [၁၂/ဥကတ(နိုင်)၁၇၂၄၉၃]၊ ၄။ ဒေါ်စမ်းမြင့်ကြည် [၁၂/ဥကတ(နိုင်)၀၀၂၇၅၅]၊ ၅။ဒေါ်ဝင်းမြင့်ရီ [၁၂/ဥကတ(နိုင်)၁၇၂၈၆၅]၊ ၆။ ဒေါ်သန်းဝင်းဆွေ [၁၂/ဥကတ(နိုင်)၀၈၇၅၁၃]၊ ၇။ ဦးကောင်းမြတ်သူ [၁၂/ဥကတ(နိုင်)၁၇၉၁၇၅]တို့မှ အမွေဆက်ခံပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသည့်မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**




ကလောမြို့ရှင်းအလှကို တွေ့ရစဉ်။

# မိုးရာသီဖြစ်သော်လည်း ကလောမြို့ရှိအထင်ကရနေရာများသို့ ဒေသခံများထက် ရပ်ဝေးမှ လာရောက်လည်ပတ်သူ များပြား

ရန်ကုန် ဇူလိုင် ၁၉

ခရီးသွားများအကြား နာမည်ကြီးသည့် ကလောမြို့ရှိ အထင်ကရနေရာများသို့ မိုးရာသီဖြစ်သော်လည်း လတ်တလောတွင် ဒေသခံများထက် ရပ်ဝေးမှ လာရောက် လည်ပတ်သူများပြားနေကြောင်း အဆိုပါ မြို့ရှိ ခရီးသွားလုပ်ငန်းအချို့ထံ ဆက်သွယ် မေးမြန်းထားချက်အရ သိရသည်။

လက်ရှိတွင် မိုးရာသီကာလဖြစ်သဖြင့် ခရီးသွားဝင်ရောက်မှု နည်းပါးနေသော်လည်း ကလောမြို့ရှိ အထင်ကရနေရာများဖြစ်သည့် Kalaw View Point၊ နီးဘုရား အစရှိသည့် နေရာများသို့ ရပ်ဝေးမှ ခရီးသွားလာရောက်မှု ရှိနေခြင်း ဖြစ်သည်။

"ကလောကိုခရီးသွားတွေက မိုးရာသီ ဖြစ်လို့နည်းနည်းပါးပေမယ့်လာတော့လာနေ ကြတာရှိတယ်။ လာကြတာက ဒေသခံတွေ လာတာလည်းရှိတယ်။ အများဆုံးကတော့ အဝေးကနေလာကြတာများတယ်။ တချို့က Travel Tour တွေနဲ့လာတာလည်းရှိသလို တချို့ကကျတော့ မိသားစုအလိုက် လာကြ တာလည်းရှိတယ်။ တချို့က ဒီမှာတည်းပြီး ကလောကိုလျှောက်လည်ကြတာလည်းရှိ တယ်။ View Point တို့၊ နီးဘုရားတို့ အဲဒီလို သွားလည်ကြတာတွေရှိတယ်။ ကလောမှာ အသွားများကြတာက ဗျိုက်တောင်၊ မြင်းမထိဘုရားလိုဏ်ဂူ၊ နီးဘုရား Kalaw View Point တို့ အဲဒီကိုသွားကြတာ များတယ်"ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ကာလများတွင် ကလောမြို့သို့ ခရီးသွားဝင်ရောက်မှု မြင့်တက်ခဲ့ပြီး ပြီးခဲ့သည့် နွေရာသီတွင်လည်း ခရီးသည် လာရောက်မှု များပြားခဲ့ကြောင်း သိရသည်။

ကလောမြို့သည် သွားရောက်လည်ပတ် ရန် လူစိတ်ဝင်စားခြင်းခံရသည့် မြို့တစ်မြို့ ဖြစ်ပြီး သာယာသည့် ရာသီဥတုနှင့်အတူ လှပသည့် မြင်ကွင်းများကြောင့် ခရီးသွားများ အကြား ထင်ရှားသည်။

Thit Taw


**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**



## အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ ကျောက်မီးသွေးရုံလမ်း၊ အမှတ် (၁၄/စီ)နေ ဦးမောင်ကြူ [၁၀/မလမ(နိုင်)၀၇၈၅၅၆]နှင့် ဇနီးဖြစ်သူ ဒေါ်ဂျွန်မာဘီ [၁၀/မလမ (နိုင်) ၂၉၃၆၅၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးမောင်ကြူနှင့် ဒေါ်ဂျွန်မာဘီတို့၏ သမီးဖြစ်သူ မသီသီအေး [၁၀/မလမ(နိုင်)၃၀၄၄၁၉] သည် မိဘဖြစ်သူများ၏ ဆိုဆုံးမခြင်းကို နာခံခြင်းမရှိဘဲ မိမိ၏သဘောဆန္ဒအတိုင်း ပြုလုပ်ခဲ့ပြီး မိဘ၏နေအိမ်မှ ဆင်းသွားသဖြင့် မသီသီအေးအား ယနေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်မြင့် (LL.B, H.G.P)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၈၂၄)**
**အမှတ်(၁၆)၊ ကျိုက္ခမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့။**
**ဖုန်း-၀၉-၄၂၈၇၀၀၇၄၉**
**ဦးနေလင်းထက် (LL.B ) (Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၈၃၈)**
**အမှတ်(၁၆)၊ ကျိုက္ခမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့။**
**ဖုန်း-၀၉-၇၉၃၈၂၉၄၉၀၊ ၀၉-၄၄၉၂၄၉၃၅၀**



## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)
## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်၌။
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၁

ဒေါ်မေရီမြင့် နှင့် ဒေါ်အေးအေးသန်း
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၇) ရပ်ကွက်၊ စိန်ပန်းမြိုင်(၃)လမ်း၊ အမှတ်-၉၃(က) နေ တရားပြိုင် ဒေါ်အေးအေးသန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်မေရီမြင့် က **"မြေကွက်အရောင်းအဝယ်မှတ်ပုံ တင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ် ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၉ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့် အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်မြင့်ဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး**



## မောင်စောကိုင်ဇာဂျမ်း(စ်) [၉/ခမစ(နိုင်)၀၃၀၁၃၇] အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ဒေါ်နော်အဲ(လ်)မာ [၇/တငန(နိုင်)၀၁၆၈၈၇]၏ သားဖြစ်သူ မောင်စောကိုင်ဇာဂျမ်း(စ်) သည် မိခင်ကို အကြိမ်ကြိမ်စိတ်ဆင်းရဲစေခြင်း၊ မိသားစုဂုဏ်သိက္ခာကို ကျဆင်းစေသော လုပ်ရပ်ကိုပြုလုပ်ခဲ့ပြီး သူ့သဘော အတိုင်း (၁၂-၇-၂၀၂၄) ရက်နေ့တွင် နေအိမ်မှဆင်းသွားခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်အကြောင်းအရာများကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**အမိအမည် - ဒေါ်နော်အဲ(လ်)မာ**



## ဒေါ်အိသန္တာဌေး (၁၂/လမန (နိုင်) ၁၄၃၅၈၁)နှင့် အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၁၃၆)၊ တတိယထပ်နေ ဦးတင်မိုးအောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေငြာ အပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မိုးအောင်နှင့် ဒေါ်အိသန္တာဌေးတို့သည် တစ်ဦး နှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ (၁၃-၉-၂၀၁၇)ရက်နေ့ တွင် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၌ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြုလုပ်ခြင်း လုံးဝမရှိခဲ့ပါ။

ယခုအခါ ဦးတင်မိုးအောင်သည် မပေမာမိုးနှင့် တရားဝင်လက်ထပ် ပေါင်းသင်းနေစဉ်တွင် ဒေါ်အိသန္တာဌေးမှ ကျွန်ုပ်၏မိတ်ဆွေ ကိုတင်မိုးအောင်၏ အိမ်ထောင်ရေးပျက်ပြားစေရန် ရည်ရွယ်၍ ဦးတင်မိုးအောင်နှင့် မပေမာမိုး တို့ထံ ဖုန်းဖြင့် ညစ်ညမ်းစွာဆဲဆိုနှောင့်ယှက်ခြင်း၊ မဟုတ်မမှန်လုပ်ကြံ ပြောဆိုခြင်းများ ပြုလုပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဦးတင်မိုးအောင်နှင့် ဒေါ်အိသန္တာဌေးတို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝပတ်သက်ဆက်သွယ်ခြင်း လုံးဝမရှိပါကြောင်းနှင့် နောက်နောင် ဦးတင်မိုးအောင်၊ ၎င်း၏ဇနီး မပေမာမိုး တို့နှင့်ပတ်သက်၍ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်ရေး လူမှုကွန်ယက်တစ်ခုခုကို အသုံးပြု၍ဖြစ်စေ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အသရေပျက်အောင် ပြောဆိုခြင်းတို့ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများ သိစေရန်ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးတင်မိုးအောင်** **ဦးမျိုးမင်းထွန်း (LL.B, D.B.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၉/၂၀၁၇)
အမှတ် (၅/၁၅၇/ခ)၊ စဝ်စံထွန်းလမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊
ဒလမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၀၁၅၇၃၄၆၂

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၄)၊ ဖွဲ့ကပင်(၂)လမ်း၊ မြေကွက်အမှတ်(၆၀၂/က)၊ အကျယ်အဝန်း (၂၀ ⅗ x၆၀) ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံး တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါ မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ဖြစ်သူ ဒေါ်မြမြသန်း [၁၂/မဘန(နိုင်)၀၁၅၇၆၇]ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိလျက် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဒေါ်တင်တင်ဝင်း [၁၂/သဃက(နိုင်) ၀၂၀၂၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးပွင့်ဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၃၉၁)**
**အမှတ်(၄၉၄)၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၃)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၃၁၅၃၃၁၀၊ ၀၉– ၉၇၇၈၀၁၃၆၆**

## ဒေါ်ခင်သန်းတင်(ISN–၄၁၇၃၇၄)နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သူဇာလင်း[၁၂/အစန(နိုင်)၁၅၆၉၀၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ ဗိုလ်ဇင်ယော်လမ်း၊ မြေကွက်အမှတ် (၁၈)ဟုခေါ်တွင်သော အလျား (၄၁)ပေ x အနံ (၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် သီးပင်စားပင်၊ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်သန်းတင်ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူကာ လက်ဝယ်ရရှိပိုင်ဆိုင်ထားခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေမှ အမည်ပေါက် ဆောင်ရွက်ရန်လိုအပ်လာပါသဖြင့် ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ယင်းမြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းရုံး၌ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ချုပ်ဆိုပေးပါရန်နှင့် ထိုသို့ဆောင်ရွက်ပေးခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေသည် ၎င်းလက်ဝယ်ပိုင်ဆိုင်ထားသည့် ဒေါ်ခင်သန်းတင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ၎င်းအမည်သို့ ပြန်လည်ပြောင်းလဲနိုင်ရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူဇာလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၂၄၁၆၃၀၉**

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ နှင်းဆီလမ်း၊ တိုက်အမှတ်(၉)၊ အခန်းအမှတ်(၀၂၃) (၉လွှာ)၊ ခေါင်းရင်းခြမ်း၊ (တိုက်ကိုမျက်နှာမူလျှင်ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (၂၈ ပေ x ၅၅ ပေ)ရှိ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို မူလအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူ ဒေါ်အေးအေး [၁၂/လသန(နိုင်) ၀၁၂၁၃၈]မှ လွှတ်လပ်စွာတရားဝင်စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာဇာလွင် [၉/အမဇ(နိုင်)၀၄၃၅၈၈]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ –** **ဒေါ်ဇာဇာလွင်** **၀၉–၂၅၄၀၃၇၇၃၃**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းဝင်းခိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၃၀၆၅၉၃၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၃

ဒေါ်သီသီချို နှင့် ဦးမင်းကိုကို(ခ)မိုးဆွေ
**(တရားလို)** **(တရားပြိုင်)**

**ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ပြင်စလူမြို့၊ ကုက္ကိုလ်ကျေးရွာအုပ်စု၊ ကညင်းကွင်းကျေးရွာနေ ဦးမင်းကိုကို(ခ)မိုးဆွေ (ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်သီသီချိုက **အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်) နေ့ မွန်းမတည့်မီ (**၁၀:၀၀**)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် **စာရွက်စာတမ်း**များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တေဇာလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကျွဲကူးကျေးရွာအုပ်စု၊ မြောက်လုပ်ကုန် (တ)ကွင်း၊ ဦးပိုင်အမှတ် (N/၂၀၄)၊ (၀.၄၁)ဧရိယာအကျယ်အဝန်းရှိ ဦးညွန့်ဦး [၁၂/မဂဒ(နိုင်)၀၆၆၆၆၆] အမည်ပေါက် ဥယျာဉ်ခြံမြေအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးညွန့်ဦးမှ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးဇော်မင်းဌေး [၇/ဖမန(နိုင်)၀၈၈၆၈၅]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်အောင် (ဥပဒေတွဲ)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၃၀)**
**ဖုန်း– ၀၉–၄၃၀၆၄၆၇၆၊ ၀၉–၇၇၄၃၀၆၄၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ ၁၈ လမ်း၊ အမှတ်(၄၇)၊ ၈ ထပ်တိုက်၏ ၅ လွှာ (စတုတ္ထထပ်)၊ အကျယ် (၂၅x၅၀)ပေရှိ ဓာတ်လှေကားပါတိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ လင်ကြည်ဟုတ်(ခ)သိန်းဝင်း [၁၂/ဥကတ(ဧည့်) ၀၀၀၂၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်ခိုင် [၁၂/လသန(နိုင်) ၀၂၁၈၆၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၆၉၁ / ၂၇–၂–၂၀၁၄)**
**အမှတ် (၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၂၀၀၉၄၆၃၊ ၀၉–၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်/တောင်ရပ်ကွက်၊ ငုဝါလမ်း၊ တိုက်အမှတ်(၃၃)၏ (၅ လွှာ) (B)၊ အကျယ် (၁၆.၅ ပေx ၇၀ ပေ)ရှိ ရေမီးစုံတိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ကျော်စိုး (LTA– 007139) [၇/ပခန(နိုင်) ၁၄၀၆၀၀] + ၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလင်းလင်းဦး [၇/ကဝန(နိုင်) ၁၀၉၆၀၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၆၉၁ / ၂၇–၂–၂၀၁၄)**
**အမှတ် (၁၈၇)၊ လမ်းမတော်လမ်း၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၀၀၉၄၆၃၊ ၀၉–၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၅)၊ လွတ်လပ်ရေးလမ်း၊ မြေကွက်အမှတ်(၅၅၄/က)၊ ဦးကျော်ထွန်းငြိမ်း (ဘ) ဦးငြိမ်း [၁၂/ဥကမ(နိုင်)၀၅၄၆၆၀] အကျယ်အဝန်း (၂၀ x ၆၀)ပေ ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းအမည်ပေါက်ထံမှတစ်ဆင့် အဆင့်ဆင့်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နှင်းနှင်းရီ [၈/စလန(နိုင်)၁၇၂၆၀၃] မှ အရှုပ်အရှင်းမရှိ မိမိမှ လက်ဝယ်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသောမြေကွက်ဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်အေး [၁/မကန(နိုင်)၁၀၉၅၂၆] ထံသို့ အရောင်းအဝယ်ပြုလုပ်လိုကြောင်း ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်အား သဘောတူညီ၍ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချတန်ဖိုးငွေကျပ်တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး(LL.B) အထက်တန်းရှေ့နေ(စဉ်–၄၁၈၂၂)**
**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၆၁၈၀၅၄၆၊ ၀၉–၄၂၆၅၉၉၂၃၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄)၊ သုခလမ်း၊ မြေကွက်အမှတ်(၂၀၅)၊ အမည်ပေါက် ဦးမိုးမျှော်(ဘ)ဦးစိန်ထွန်း (DDE–၀၂၃၈၂၀)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် (၂၀ x ၆၀)ပေ ပါမစ်မိတ္တူခြမ်း မြေကွက်အမှတ် (၂၀၇)နှင့်ကပ်လျက်အခြမ်းရှိ မြေကွက်နှင့် ယင်းကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းအမည်ပေါက်ထံမှတစ်ဆင့် အဆင့်ဆင့်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နီလာအောင်[၉/မမန(နိုင်) ၀၇၆၆၇၈]မှ အရှုပ်အရှင်းမရှိ မိမိမှလက်ဝယ်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသော မြေကွက်ဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်လေးခက် [၁၂/မရက(နိုင်) ၀၂၁၃၆၅] ထံသို့ အရောင်းအဝယ်ပြုလုပ်လိုကြောင်း ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်အား သဘောတူညီ၍ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချတန်ဖိုးငွေကျပ် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး(LL.B) အထက်တန်းရှေ့နေ(စဉ်– ၄၁၈၂၂)**
**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၆၁၈၀၅၄၆၊ ၀၉–၄၂၆၅၉၉၂၃၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ချစ်မိုးဦး [၁၁/သတန(နိုင်)၀၅၉၅၂၆] ၏ သင်္ဘောသားမှတ်ပုံတင် (CDC–92841) လက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၉၆၄၀၇၅၀၅**

**အားကစားမြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်**

**မူးယစ်ဆေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ မေတ္တာရှင်လမ်း၊ အမှတ်– ၇၄၃ ဟုခေါ်တွင်သော လိပ်စာတွင်ရာတွင်ရှိသည့် ဘုန်းပြည့်လျှံဆောက်လုပ်ရေးမှ ဆောက်လုပ်မည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ အကျယ်အဝန်း (၁၇ပေx ၅၄ပေ)ရှိ ဒုတိယထပ်(၃–လွှာ) (ခြေရင်း)အခန်းအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံကတိပြုသည့် ကန်ထရိုက်တာ ဦးဝင်းနိုင် [၁၂/ဥကမ(နိုင်) ၂၆၃၀၁၁]ထံမှ ကြိုပွိုင့်စနစ်အရ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးလွင်ကိုကို [၁၂/သကတ(နိုင်) ၁၈၂၄၇၇]က အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ငြိမ်းချမ်းဝေ (LL.B.)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၇၃၀)**
**အမှတ်–၅၀၊ အခန်း(D–10)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၆၃၀၀၆၁၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

